# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှု အခြေ အနေကို မှတ်တမ်းတင်ခြင်း | ၂ |
| ၄ | ဗန်းမောက်-ဇလုံတောင်လမ်းပေါ်ရှိ တောင်တက်လမ်းပိုင်းတွင် ဆက်သွယ်ရေး ကွန်ရက်လွှမ်းခြုံနိုင်ခြင်း မရှိသည့်အတွက် ဇလုံတောင် အနီးတွင် ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၅ | ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်းဖောက်လုပ်ရန်အတွက် သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်ခဲ့သော မြေယာများနှင့်ပတ်သက်၍ ယနေ့အချိန်ထိ လေယာဉ်ကွင်းသစ်တည်ဆောက်ခြင်းမရှိသေးသဖြင့် မည်သည့်ကာလတွင် တည်ဆောက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၆ | မင်းဘူး(စကု)မြို့နယ်တွင် လတ်တလောပြိုကျသော ဧရာဝတီမြစ်ကမ်းပါးများ ဆက်လက်မပြိုကျနိုင်စေ ရေးအတွက် စက်ယန္တရားကြီးများဖြင့် မြစ်ကြောင်း ပြုပြင်ခြင်းများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေး မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၇ | တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေ-ပင်လောင်းရထားလမ်း ဖောက်လုပ် ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၄ |
| ၈ | မာန်အောင်မြို့နယ်ရှိ ပျက်စီးယိုယွင်းနေသော မာန်အောင်မီးပြအား မူလအခြေအနေရောက်ရှိအောင် ပြန်လည်ပြုပြင်ပေးရန်နှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ္ဘာ့ရေကြောင်း လမ်းကြောင်းပေါ်ရှိ မီးပြများအား မပျက်စီးရအောင် မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၉ | ချင်းတွင်းမြစ်ကြောင်း အန္တရာယ်ကင်းရှင်း၍ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |

| | | |
|---|---|---|
| ၁၀ | မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျုံးဝင် ပတ်သက်သူများ အားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာ များ၏ ငွေပေးငွေယူ ကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၅ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၃၀ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၃၆ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၁၆–၅–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်–ဇလုံတောင် လမ်းပေါ်ရှိ တောင်တက်လမ်းပိုင်းတွင် ဆက်သွယ်ရေးကွန်ရက် လုံခြုံနိုင်ခြင်းမရှိသည့်အတွက် ဇလုံတောင်အနီးတွင် ဆက်သွယ်ရေး တာဝါတိုင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်း ဖောက်လုပ်ရန်အတွက် သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်ခဲ့သော မြေယာများနှင့် ပတ်သက်၍ ယနေ့အချိန်ထိ လေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းမရှိသေးသဖြင့် မည်သည့်ကာလတွင် တည်ဆောက် မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး (စကု) မြို့နယ်တွင် လတ်တလော ပြိုကျနေသော ဧရာဝတီမြစ်ကမ်းပါးများ ဆက်လက် မပြိုကျနိုင်စေရေးအတွက် စက်ယန္တရားကြီးများဖြင့် မြစ်ကြောင်း ပြုပြင်ခြင်းများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်တင့်၊ တပ်ကုန်း မဲဆန္ဒနယ်၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေ–ပင်လောင်း ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်နု (ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင် မြို့နယ်ရှိ ပျက်စီးယိုယွင်းနေသော မာန်အောင်မီးပြအား မူလအခြေအနေ ရောက်ရှိအောင် ပြန်လည်ပြုပြင်ပေးရန်နှင့် မြန်မာနိုင်ငံ ပင်လယ် ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ္ဘာ့ရေကြောင်း လမ်းကြောင်းပေါ်ရှိ မီးပြများအား မပျက်စီးရအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ချင်းတွင်းမြစ်ကြောင်း အန္တရာယ် ကင်းရှင်း၍ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ် မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်က **"မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျုံးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန်**

**ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့သော **“မြန်မာ့ သတ္တုတွင်း နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌ⊞ဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၂) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၄) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၅) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဇော်ဝင်း ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး ခွင့် ၁ ရက်နှင့်

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပြုန်ကြားသူ ၃၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဗန်းမောက်-ဇလုံတောင်လမ်းပေါ်ရှိ တောင်တက်လမ်းပိုင်းတွင် ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်ခြင်း မရှိသည့်အတွက် ဇလုံတောင်အနီးတွင် ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့နယ်အတွင်း ဇလုံတောင်လမ်းပေါ်ရှိ တောင်တက်လမ်းပိုင်းမှာ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်ခြင်းမရှိသည့်အတွက် ဇလုံတောင်အနီး ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးနိုင်ရေးကိစ္စ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့နယ်ဟာ ဒေသစိတ်ခုနစ်စိတ်နဲ့ဖွဲ့စည်းထားပြီးတော့ လူဦးရေ ၁၁၀၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ တိုင်းရင်းသား ရှမ်းနီလူမျိုး၊ ကတူးလူမျိုး၊ ကဏန်းလူမျိုးများ နေထိုင်ရာဒေသဖြစ်ပါတယ်။ မြို့နယ် အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၃၁၉.၇၇၉ ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောမြို့နယ် ဖြစ်ပါတယ်။ မိုဘိုင်းဆက်သွယ်ရေးစနစ် ခက်ခဲသောမြို့နယ်တစ်ခုဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်မှ ဆောင်ရွက်ပေးမှုကြောင့် ယခင် CDMA အထိုင်ဖုန်းများအသုံးပြုနေရာမှ ယခုအခါ MPT ဆက်သွယ်ရေးစခန်း ၁၂ ခု၊ တယ်လီနောဆက်သွယ်ရေးစခန်းနှစ်ခု၊ အော်ရီဒူးဆက်သွယ်ရေးစခန်းသုံးခု တည်ဆောက်ပြီးတော့ ဝန်ဆောင်မှုများ ဆထက်တိုးပြီးတော့မှ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြို့နယ်အတွင်း အချို့နေရာတွေမှာ မိုဘိုင်းဆက်သွယ်ရေးစနစ် မလွှမ်းခြုံနိုင်တဲ့နေရာငါးနေရာ ကျန်ရှိနေပါတယ်။ အဲဒီအထဲမှာတော့ ကျွန်တော်တို့ ဗန်းမောက်မြို့နယ်ရဲ့ အထင်ကရ ဇလုံတောင်ဘုရား

တောင်တက်လမ်းပိုင်းကျန်ရှိနေခဲ့ပါတယ်။ ဇလုံတောင် တောင်တက်စခန်းအစမှာမိပြီးတော့ တောင်ထိပ်နေရာမှာလည်း မိပါတယ်။ တောင်တက်လမ်းတစ်လျှောက် ၉ မိုင်ခန့်ဟာ ဖုန်းလိုင်းများမမိပါသဖြင့် တောင်တက်ယာဉ်လိုင်းများ စီမံခန့်ခွဲရာတွင်လည်းကောင်း၊ အခက်အခဲရှိပါက အကူအညီတောင်းခံနိုင်ရန်အတွက် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်ရန် အမြန်လိုအပ်လျက်ရှိပါတယ်။ ဇလုံတောင်ဘုရားဖူးများ နှစ်စဉ်လာရောက်ဖူးမျှော်ကြပါတယ်။ ဇလုံတောင်ဘုရားဟာ ဆုတောင်းပြည့်ဘုရားအဖြစ် နာမည်ကြီးခြင်း၊ အဓိဋ္ဌာန်အောင်မြင်ခြင်း၊ သဘာဝစိမ်းလန်းစိုပြည်သော သစ်တောကြီးများအတွင်းတည်ရှိခြင်း၊ လှပသောအလှများကို ခံစားနိုင်ခြင်း အလွန်ထူးခြားစွာတည်ရှိပြီးမှ သမိုင်းဝင်စေတီတော်မြတ်ဖြစ်ခြင်းတို့ကြောင့် တစ်စတစ်စလူသိများပြီး နှစ်စဉ် ခရီးသွားများ တိုးတက်လာပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခရီးသွားလုပ်ငန်းဆောင်ရွက်ချက်များကြောင့်လည်းကောင်း၊ နေ့စဉ် လူဦးရေ ၂၀၀၀ မှ ၆၀၀၀ ကျော်လာရောက်လျက်ရှိပြီးတော့ ရက်ရှည်ရုံးပိတ်ရက်များမှာ အဆမတန်များပြားတဲ့အတွက် တည်းခိုရန်မလုံလောက်ခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်များ မလုံလောက်ခြင်း၊ တောင်တက်လမ်းပိုင်းများမကောင်းခြင်း၊ တောင်တက်ယာဉ်များ စနစ်တကျဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးမလွှမ်းခြုံနိုင်ခြင်း စသည့်အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် အသုံးပြုခွင့်ပြုပါ။ ဒီပုံကတော့ ဗန်းမောက်မြို့နယ်ရဲ့ အခြေပြမြေပုံဖြစ်ပါတယ်။ အနီရောင်အဝိုင်းလေးကတော့ မိုက္ကရိုဝေ့ဗ်လက်ရှ်နဲ့ တည်ဆောက်ထားတဲ့ တိုင်များဖြစ်ပြီးတော့ အနက်ရောင်တြိဂံပုံကတော့ IP Star လက်ရှ်နဲ့ ဆက်သွယ်ထားတဲ့တိုင်များဖြစ်ပါတယ်။ ခရမ်းရောင်အဝိုင်းငါးခုကတော့ ဆက်သွယ်ရေးကွန်ရက်မလွှမ်းခြုံနိုင်တဲ့ဒေသဖြစ်ပါတယ်။ ဒီပုံတွေကတော့ ဇလုံတောင်ဘုရားပုံများဖြစ်ပြီးတော့မှ ခရီးသွားပြည်သူများ လာရောက်ဖူးမျှော်နေကြတဲ့ပုံများဖြစ်ပါတယ်။ ဒီပုံကတော့ မိုးတွင်းအလွန်မှာ ဆက်သွယ်ရေးလမ်းပိုင်းပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ ကိုယ်ထူကိုယ်ထနဲ့ ဆောင်ရွက်ပြီးတော့မှ လမ်းပိုင်းတွေပြုပြင်နေရတဲ့ပုံဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဇလုံတောင်တက်လမ်းရဲ့ အခက်အခဲများစွာရှိတဲ့အနက် ဆက်သွယ်ရေးကွန်ရက်အကြောင်းကို ခရီးသွားလုပ်သားပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဗန်းမောက်မြို့နယ်အတွင်း ဇလုံတောင် တောင်တက်လမ်းပေါ်ရှိ တောင်တက်လမ်းပိုင်းမှာ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်ခြင်းမရှိသည့်အတွက် ဇလုံတောင်အနီး ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်း

နှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့ ဗန်းမောက်မြို့နယ်အတွင်း ဗန်းမောက်-ဇလုံတောင်လမ်းပေါ်ရှိ တောင်တက်လမ်းတွင် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်ခြင်းမရှိသည့်အတွက် ဇလုံတောင်အနီးတွင် ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်နည်း။ မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဦးသန့်စင်မောင်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

အခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(MPT)ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်မှာ အင်ပင်၊ တာမကျိုင်း၊ စီးမော်၊ နန်းဇား၊ မင်းကုန်း၊ နန့်အော့၊ နားမော်၊ ပင်းခါး၊ ကံသာယာ၊ ကံကုန်း၊ ကံရွာနှင့် ဗန်းမောက်တောင်တို့မှာ GSM စခန်းတစ်ခုစီနဲ့ စုစုပေါင်း GSM စခန်း ၁၂ ခုတည်ဆောက်ထားပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကျော်စိုးရဲ့ စာထဲမှာ ၁၄ ခုဆိုတာ တစ်ခုက အင်းတော်နယ်စပ်ကတစ်ခုဖြစ်ပြီး တော့ နောက်တစ်ခုကတော့ အသုံးမပြုတော့တဲ့ မက်စ်ဝဲတာဝါတိုင်ကို ထည့်သွင်းဖော်ပြထားတာဖြစ်ပါ တယ်။ တကယ်တမ်း ကျွန်တော်တို့ အသုံးပြုနေတာ ၁၂ ခုဖြစ်ပါတယ်။ ဒီ ၁၂ ခုအပြင် ရှေ့ဆက်ပြီး တော့ ဆောင်ရွက်ဖို့ရာအတွက် MPT က တိုင်းတာထားတာကတော့ သာယာကုန်း၊ သရက်ကုန်း မံအင်၊ ပန်းတော၊ နန့်ပုံ၊ လိပ်စော၊ ပေပင်၊ ကြောင်လယ်၊ ပါထွန်၊ မံယူး။ အဲဒီမှာ GSM စခန်းတစ်ခုစီနဲ့ စုစုပေါင်း GSM စခန်း ၁၀ ခုကို တိုးချဲ့တည်ဆောက်ဖို့ရာအတွက် လျာထားဆောင်ရွက်လျက်ရှိပြီးတော့ မြေနေရာတောင်းခံနေပါတယ်။ မြေနေရာရရှိရင် ဒီကိစ္စကို တာဝါတိုင်တည်ဆောက်ခြင်း၊ စက်ပစ္စည်း များတပ်ဆင်ခြင်း၊ အဝေးဆက်ကြောင်းများ ချိတ်ဆက်ခြင်းလုပ်ငန်းတွေကို စီမံကိန်းရေးဆွဲထားတာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် မတ်လကုန်မှာ ပြီးစီးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

အဲဒီလိုပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ။ တယ်လီနောအနေနဲ့က မံလူကျေးရွာနှင့် လွှစင်ကုန်းရပ်ကွက်မှာ GSM စခန်းတစ်ခုစီနဲ့ GSM စခန်းနှစ်ခု၊ အော်ရီဒူးက ဘုရားကြီးကွက်သစ်၊ ကံရွာနှင့် တောင်ချောင်းပေါက်ကျေးရွာတို့မှာ GSM စခန်းတစ်ခုစီဆိုတော့ စုစုပေါင်း GSM စခန်းသုံးခု တည်ဆောက်ထားပါတယ်။ အဲဒီတော့ အားလုံးပေါင်းလိုက်လို့ရှိရင် ဗန်းမောက်မြို့နယ်အတွင်းမှာ MPT၊ တယ်လီနော၊ အော်ရီဒူးတို့မှဖွင့်လှစ်ပြီးတဲ့စခန်းက ၁၇ ခုရှိပါ တယ်။ MPT က တည်ဆောက်ရန်လျာထားတဲ့ နောက်ထပ် ၁၀ ခုနဲ့ဆိုရင်တော့ ၂၇ ခုဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ Power Point လေးနဲ့ တင်ပြခွင့်ပြုပါခင်ဗျား။ အခု ကျွန်တော်တို့ အဝါရောင်တိုင်လေး တွေပြထားတဲ့နေရာက MPT ဖြစ်ပါတယ်။ တယ်လီနောက အစိမ်းရောင်နှစ်ခုတည်းရှိပါတယ်။ အော်ရီဒူးက ပန်းရောင်သုံးခုရှိပါတယ်။ နောက်ထပ်လျာထားထားတဲ့ တွယ်အပ်ပုံတိုင်လေးတွေကတော့ နောက်ထပ်လုပ်မယ့်နေရာတွေပါ။ အဲဒီနေရာမှာ ဇလုံတောင်ရှိနေပါတယ်။ ဒီလိုဆိုရင် ကျွန်တော်က MPT ကလူတွေကို စစ်ပါတယ်။ ဘာလို့ ဇလုံတောင်ကိုမရောက်တာလဲဆိုတော့ ဇလုံတောင်ရဲ့ အထက်မှာ ပန်းတောနဲ့ သရက်ကုန်းကျတော့ ဘာလို့ရအောင်လုပ်တာလဲဆိုတော့ ပန်းတောနဲ့

သရက်ကုန်းက အမြဲလူနေတဲ့ရွာတွေဖြစ်ပြီးတော့ ဇလုံတောင်ကတော့ တောင်စွယ်၊ တောင်တန်းတွေလည်းများပြားတယ်။ အဲဒီကိုဖြတ်ပြီးတော့ ဆက်သွယ်ဖို့ တာဝါတိုင်တစ်ခုတည်း တည်ဆောက်လို့ရတာမဟုတ်ဘူး။ အဆင့်ဆင့် အဲဒီဆက်သွယ်ရေးလမ်းကြောင်းကောင်းအောင်လုပ်ရတာပါ။ အခုနကပြောတဲ့ ကျန်တဲ့ လေတိုက်တဲ့နှုန်းကစပြီးတော့ အားလုံးကို တွက်ချက်ရတာပါ။ ဒါကြောင့် မထည့်တာပါ ဆိုပြီးတော့ ကျွန်တော်ကတော့ ထပ်ပြီးတော့ စစ်ဆေးကြည့်ပါဦး။ ဒါပေမဲ့ အခုနတုန်းက အားလုံးကို ခြုံပြီးတော့ ပါအောင်လုပ်ဖို့တော့ ခက်ခဲတယ်ဆိုပြီး ထပ်ပြီးတော့ သူတို့ဘက်က တင်ပြလာတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က ဒါဖြင့်ရင် အရင်တုန်းက ကျွန်တော်တို့ ပြောပြောနေတဲ့ Universal Service Fund လုပ်လို့မရဘူးလားဆိုတော့ Universal Service Fund က အခု ကျွန်တော်တို့ Sub Gate နဲ့ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးကော်မတီကို တင်ပြနေပါပြီ။ ရှေ့နေချုပ်ဆီက ခွင့်ပြုချက်ရပြီးတော့ အဲဒီ USF Fund ရလည်းရပါပြီ။ USF Fund ထောင်ပြီးရင်ရော ကျွန်တော်တို့ သုံးလို့ရသလားဆိုတော့ နိုင်ငံတကာဥပဒေတွေအရ ကျွန်တော်တို့ဟာ အော်ရီဒူးနဲ့ တယ်လီနောဆီက ရလာသော ၂ ရာခိုင်နှုန်းသော USF Fund ကို ကျွန်တော်တို့ သဘောနဲ့ ကျွန်တော်တို့ လုပ်ခွင့်မရှိပါဘူး။ သူက တကယ့်နယ်စွန်နယ်ဖျား နယ်စပ်ဒေသတွေမှာ ရှိနေသော ဝေးလံခေါင်းပါးတဲ့ဟာတွေလုပ်ဖို့ဆိုပြီးတော့ သူတို့ အဆိုပြုပါတယ်။ အဲဒီမှာလည်းပဲ သူတို့ရဲ့ အားလုံးညှိနှိုင်းသဘောတူညီချက်နဲ့ လုပ်တဲ့အခါမှာ ကျွန်တော်တို့ တိုင်ပေါင်း ၂၂၈ တိုင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ လောလောဆယ် ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခု၊ မြို့နယ်များမှာ ကျွန်တော်တို့ လုပ်နေလျက်ရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာတော့ ဇလုံတောင်ဧရိယာကိုတော့ သုံးစွဲခွင့်မရှိသေးဘူးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တစ်ဆင့်ပြီးတစ်ဆင့် သွားရမှာဖြစ်ပါတယ်။ ကျွန်တော် ဘယ်တော့လုပ်မယ်ဆိုတဲ့အဖြေကိုတော့ တိတိကျကျမပေးနိုင်ပါဘူး။ သို့သော် ဒီဟာကို ပြန်ပြီးတော့ ထပ်ပြီးတော့လည်း စိစစ်ခိုင်းထားပါတယ်။ နောက်တစ်ခါ တကယ့် ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝနဲ့ကိုက်ညီပြီးတော့ တကယ် အခုနတုန်းက ဦးကျော်စိုး ပြောသွားတဲ့နေရာငါးနေရာကိုရော ပါနိုင်သလား။ နောက် အခုနတုန်းက USF Fund ကတော့ မရတာသေချာတယ်။ ဒါကြောင့် ကျွန်တော် အခြေအနေပေးသလို မြေနေရာရရှိမှု၊ မီးစက်မီး၊ လျှပ်စစ်မီးရရှိမှု၊ ရာသီဥတုအခြေအနေ အားလုံးတွက်ချက်ပြီးတော့မှ ဆောင်ရွက်နိုင်မယ်ဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်ခင်ဗျား။

**ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်းဖောက်လုပ်ရန်အတွက် သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်ခဲ့သော မြေယာများနှင့်ပတ်သက်၍ ယနေ့အချိန်ထိ လေယာဉ်ကွင်းသစ်တည်ဆောက်ခြင်းမရှိသေးသဖြင့် မည်သည့်ကာလတွင် တည်ဆောက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်ကို(ပခုက္ကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာက တော့ ပခုက္ကူမြို့နယ်မှာ လေယာဉ်ကွင်းဖောက်လုပ်ရန်အတွက် မြေယာများကို သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်တဲ့ မြေယာများနှင့်ပတ်သက်လို့ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်များမှာ ၂၀၀၂ ခုနှစ်က တောင်သူ ၁၅၇ ဦးရဲ့ မြေယာများကို လေယာဉ်ကွင်း ဆောက်လုပ်ရန်ဆိုပြီးတော့ မြေယာဧက ၉၆၅.၃၆ ဧကကို လေယာဉ်ကွင်းဆောက်လုပ်ဖို့အတွက် သိမ်းဆည်းခဲ့ပါတယ်။ မူလသိမ်းဆည်းတုန်းက ၉၆၅.၃၆ ဧကကို သိမ်းယူခဲ့ပေမဲ့လို့ တကယ်တမ်း သိမ်းထားတဲ့မြေပေါ်မှာ မြေဧက ၁၀၀ ကိုသာ အသုံးပြုပြီးတော့ လေယာဉ်ကွင်းကို ဆောက်လုပ် ခဲ့ပါတယ်။ ကျန်ရှိတဲ့ဧကများအတွက် မည်ကဲ့သို့ဆောင်ရွက်မည်ဆိုပြီးတော့ သိရှိရန်အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းပေးတဲ့ သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ စုံစမ်းရေးကော်မရှင်၊ ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်နှင့် တောင်သူများတို့ဟာ ၂၀၁၃ ခုနှစ် မှာ ပခုက္ကူစက်မှုဇုန်မှာ ဒီကိစ္စနှင့်ပတ်သက်လို့ ကျန်ရှိတဲ့ မြေယာဧက ၈၀၀ အကြောင်းကို ဆွေးနွေးခဲ့ ကြပါတယ်။ ၎င်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကနေပြီးတော့ ကျန်ရှိတဲ့မြေယာ ဧက ၈၀၀ ကို မစွန့်လွှတ်တော့ဘဲနဲ့ ထပ်မံပြီးတော့ အဆင့်မီလေယာဉ်ကွင်းတိုးချဲ့ဆောက်လုပ်မည် ဆိုပြီး ဆုံးဖြတ်ပြီးတော့ မြေယာသိမ်းဆည်းခံတောင်သူ ၁၅၇ ဦးအား တစ်ဧကလျှင် ၁၅ သိန်းကျပ် နှုန်းဖြင့် ဧက ၉၃၅.၃၆ ဧကအတွက် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၄၀၃၀.၉၅ သိန်းကို ၃-၃-၂၀၁၅ ရက်နေ့မှာ လျော်ကြေးငွေပေးအပ်ခဲ့ပါတယ်။ ဒါပေမဲ့လို့ ယခု ၁၆ နှစ်ကြာလာသော်လည်းပဲ လေယာဉ် ကွင်းနှင့် မူလဆောက်လုပ်ထားတဲ့ လေယာဉ်ကွင်းနှင့်အဆောက်အဦတည်ဆောက်ပြီးဖြစ်ပါလျက်နှင့် အသုံးပြုခြင်းမရှိခြင်းကို တွေ့ရှိရပါတယ်။ နောက်ပြီးတော့ တည်ဆောက်ထားတဲ့လေယာဉ်ကွင်းမှာ လည်း ယနေ့အထိ လေယာဉ်ဆင်းသက်ခြင်းမရှိတာကို တွေ့ခဲ့ရပါတယ်။ နိုင်ငံတော်ကနေပြီးတော့ သိမ်းဆည်းထားတဲ့မြေများအတွက် လျော်ကြေးငွေများ ပေးပြီးဖြစ်တယ်။ ဒါပေမဲ့လို့ စိုက်ပျိုးမြေများ ကိုလည်းပဲ ယနေ့အထိ ပစ်ထားတဲ့အတွက် နိုင်ငံတော်အတွက် နစ်နာနေပါတယ်။ ဒါကြောင့်မို့လို့ ယနေ့အချိန်အထိ လေယာဉ်ကွင်းသစ်တိုးချဲ့တည်ဆောက်ခြင်းမရှိသေးသဖြင့် မူလစိုက်ပျိုးထားတဲ့ တောင်သူတွေကနေပြီးတော့ ပြန်လည်စိုက်ပျိုးလိုတဲ့စိတ်တွေပေါ်လာပြီးတော့ ကျွန်တော်တို့ကို မေးခွန်းတွေ မေးနေပါတယ်။ ဒါကြောင့်မို့လို့ ယခုကဲ့သို့ နှစ်များစွာ ပစ်ထားသဖြင့် လစ်လပ်နေတဲ့ မြေများကို ထိန်းသိမ်းရန် စီမံခန့်ခွဲမှုကော်မတီအနေနဲ့လည်း ထိန်းသိမ်းရတာ ခက်ခဲမှုရှိလှပါတယ်။ ဒါကြောင့် ကျန်ရှိနေတဲ့ ဧက ၈၀၀ ကျော်အတွက် လေယာဉ်ကွင်းအသစ်ဆောက်လုပ်မယ်ဆိုလို့ရှိရင် မည်သည့်ကာလတွင် ဆောက်လုပ်မည်ဖြစ်ကြောင်းနှင့် မည်သည့်ကာလမှာ လေယာဉ်ကွင်းစတင်လုပ် မည်ဖြစ်ကြောင်းကို ပြည်သူများကသိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပခုက္ကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုရဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် လေယာဉ်ကွင်းဖောက်လုပ်ရေးအတွက် သိမ်းဆည်းပြီး လျော်ကြေးငွေပေးအပ်ခဲ့သော မြေယာများနှင့် ပတ်သက်၍ ယနေ့အချိန်အထိ လေယာဉ်ကွင်းအသစ်တည်ဆောက်ခြင်းမရှိသေးသဖြင့် မည်သည့်အကြောင်းကြောင့် တည်ဆောက်ခြင်းမပြုသေးကြောင်းနှင့် မည်သည့်ကာလတွင် တည်ဆောက်မည်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စပြီးတော့ သိမ်းရတဲ့အကြောင်းအရင်းကတော့ မူလလေယာဉ်ကွင်းဟောင်းက ပြေးလမ်း ပေ ၃၆၀၀ နှင့် အကျယ် ၉၀ ပေပဲရှိတယ်။ မြေကြီးကွင်းပဲဖြစ်တယ်။ Twin Otter လေယာဉ်တွေပဲ ဆင်းနိုင်တယ်။ လူနေအိမ်ခြေတွေ တိုးချဲ့လာတယ်။ ဒါကြောင့် လေယာဉ်ကွင်းဟာ တိုးချဲ့လို့မရတော့ဘူး။ အဲဒီလေယာဉ်ကွင်းဟောင်းအနေနဲ့ ဘယ်လိုမှ နှစ်ရှည်သုံးစွဲလို့မရဘူး။ ဒါကြောင့် လေယာဉ်ကွင်းသစ်ကို အဲဒီအစိုးရလက်ထက်က ရှာခဲ့တယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒါကြောင့်လည်း ပခုက္ကူမြို့ရဲ့မြောက်ဘက် လေးမိုင်နဲ့ ပခုက္ကူ-ရေစကြိုကားလမ်းအနောက်ဘက် ပန်းတိုင်းချုံကျေးရွာရဲ့ အနောက်ဘက် တစ်မိုင်မှာ အသင့်တော်ဆုံးဖြစ်တဲ့နေရာမှာ လေယာဉ်ပြေးလမ်း ၈၅၀၀ ပေနှင့် အကျယ် ၁၀၀ ပေရှိတဲ့ လေယာဉ်ရပ်နားရာနေရာကိုလည်း ဆောက်လုပ်ခဲ့ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ဒါက အခုလက်ရှိ ဆောက်လုပ်ထားတဲ့ပုံ ဖြစ်ပါတယ်။ လေယာဉ်ပြေးလမ်းက အလျား ၈၅၀၀ ပေ၊ အရင်အဟောင်းတုန်းက ၃၆၀၀ ပေကနေပြီးတော့ ဒီမှာ အလျား ၈၅၀၀ ပေနဲ့ အကျယ် ၁၀၀ ပေ ဆောက်ပါတယ်။ ပြေးလမ်းအမျိုးအစားက နိုင်လွန်ကတ္တရာဖြစ်ပါတယ်။ လေယာဉ်ရပ်နားရာနေရာက အလျား ပေ ၃၀၀ x အကျယ် ၃၀၀ ပေ ဖြစ်ပါတယ်။ ပြေးလမ်းရဲ့ခံနိုင်ရည်အားက ၁၅၀၀၀၀ ပေါင် ဖြစ်ပါတယ်။ လေဆိပ်အဆောက်အဦကတော့ ပေ ၁၈၀ x ၆၀ ပေ တစ်ထပ် သံကူကွန်ကရစ် ဖြစ်ပါတယ်။ လေကြောင်းထိန်းမျှော်စင်ရှိပါတယ်။ လေကြောင်းဆက်သွယ်ရေး ကိရိယာတွေရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဆောက်လုပ်ပြီးတဲ့အချိန်ကစပြီးတော့ ဝန်ထမ်းတွေခန့်ထားပြီးတော့ လေယာဉ်ဆင်းသက်ဖို့ရာလုပ်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ ဘာလောက်ပဲ ဆင်းသလဲဆိုတော့ အခုနက တပ်မတော်လေယာဉ်တချို့ ဆင်းပါတယ်။ နောက် စင်းလုံးငှားစနစ်နဲ့ များသောအားဖြင့် သံဃာ့နာယကတို့ရှိပါတယ်။ တချို့ဘဏ်ကလေယာဉ်တွေရှိပါတယ်။ အဲဒါမျိုး ဆင်းသက်တဲ့လေယာဉ် တစ်နှစ်ကိုတော့ အကြိမ် ၂၀ လောက်ဆင်းပါတယ်။ အခုနကတုန်းက ပြောတဲ့အတိုင်းပဲ။ အသုံးပြုတယ်လို့ ပြောလို့မရဘူးလို့လည်း ပြောလို့ရပါတယ်။ ဒါပေမဲ့ တစ်နှစ်ကိုတော့ အကြိမ် ၂၀ ဆင်းပါတယ်။ အဲဒီမှာ ဒီလေယာဉ်ကွင်းကို ဘယ်လိုဆောက်မှာလဲ၊ ဘယ်တော့ဆောက်မှာလဲဆိုတဲ့ကိစ္စနှင့် ပတ်သက်လို့ ကျွန်တော့်မှာ National Transport Master Plan ကို ဂျပန်နိုင်ငံ JICA ရဲ့အကူအညီနဲ့ ကျွန်တော်တို့လုပ်ခဲ့ပါတယ်။ လုပ်ပြီးတော့ Nippon Koei ဆိုတဲ့ အကြံပေးကုမ္ပဏီနဲ့ လေယာဉ်ကွင်းတွေရဲ့ဦးစားပေးအစီအစဉ်တွေ၊ လေယာဉ်ကွင်းတွေအားလုံးလိုပေမဲ့ တစ်ပြိုင်တည်းဆောက်လို့မရဘူး။ သူရဲ့ Traffic Demand ကို ကြည့်ပြီးတော့ ဆောက်ရမယ်။ အဲဒီတော့ ဘယ်လိုဆောက်မှာလဲပေါ့။ အဲဒီမှာ တကယ့်နိုင်ငံတကာအဆင့်မီဆောက်မယ်လို့ဆိုခဲ့ရင် ကျွန်တော်တို့က ပေ ၁၀၀၀၀

အလျားရှိပြီးတော့၊ ၁၂၅ ပေ ကျယ်တဲ့ Runway ဆောက်ရမယ်။ Taxi Way Parallel ဆောက်ရမယ်။ Rapid Taxi Way အခုနက ကန့်လန့်ဖြတ်လေးထည့်ရမယ်။ အဲဒီမှာ အဆောက်အဦတွေကလည်း အများကြီးဆောက်ရမှာ ဖြစ်ပါတယ်။ အဲဒီစာရင်းလေးက။ အဲဒီမှာ လေယာဉ်ပြေးလမ်းဆောက်ရမယ်။ လေယာဉ်ပြေးလမ်းချဲ့ရမယ်။ လေယာဉ်သွားလမ်းကိုလည်း လုပ်ရမယ်။ Taxi Way တွေပေါ့။ Runway။ နောက်တစ်ခါ End Safety ဧရိယာလေးလည်း ထားရမယ်။ လေယာဉ်ရပ်နားဖို့ Apron ကိုလည်းပဲ ဒီလောက်ဆောက်ရမယ်။ ဒီလိုတွေ သူတို့တွက်ချက်ထားပါတယ်။ Maintenance Apron ရှိတယ်။ လေကြောင်းလမ်းညွှန်၊ အလယ်က အခုနကတုန်းက ပုံမှာတော့ အလယ်က အချွန်းလေးဟာ လေယာဉ်ပေါ်မှာဖြတ်သန်းတဲ့လေကြောင်းလိုင်းလမ်းညွှန် VOR တွေတပ်ရမယ်။ လေဆိပ်ဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာဆောက်ရမယ်။ လေယာဉ်ဆီသိုလှောင်ဖြန့်ဖြူးတဲ့ Fuel Fan ဆောက်ရမယ်။ လေယာဉ်ရပ်နားပြုပြင်ဖို့ရန်အတွက် Hanger ခြောက်လုံးဆောက်ရမယ်။ အကောက်အခွန်တို့၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတွေအတွက် စုပေါင်းရုံး Government Complex ကို ဆောက်ရမယ်။ Solar Plant ဆောက်ရမယ် စသည်ဖြင့် သူတို့လုပ်ရမယ့်လုပ်ငန်းတွေ၊ Air Site လုပ်ငန်းတွေ၊ Terminal Site လုပ်ငန်းတွေကို တွက်ချက်ပြီးတော့ ထားပါတယ်။ ဒါဖြင့်ရင် ဘယ်တော့ ဆောက်မှာလဲဆိုတဲ့ကိစ္စကတော့ Traffic Demand အပေါ်မှာတည်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ဟာ အခုနကတုန်းက ကျွန်တော်တို့ရဲ့တိုင်းပြည်ရဲ့ခွင့်ပြုနိုင်တဲ့ ဘတ်ဂျက်အခြေအနေအရ ကျွန်တော်တို့သည် ဖလမ်းလေယာဉ်ကွင်းသစ်ကိုပဲ ဆောက်နိုင်တယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့။ ကျန်တဲ့ဟာတွေကို PPP နဲ့လုပ်ရတယ်။ လုပ်တဲ့အခါမှာလည်းပဲ တကယ့်အလားအလာအရှိဆုံး၊ အားလုံးစိတ်ဝင်စားတဲ့ ဟဲဟိုး၊ မော်လမြိုင်၊ ကော့သောင်းဆိုတဲ့ အဲဒီဟာကို PPP နဲ့အခု ခေါ်ထားတယ်။ ရွေးဖို့ပဲ ရှိတော့တယ်။ အဲဒါပြီးရင် လုပ်ရမှာဖြစ်ပါတယ်။ ဒါဖြင့်ရင် ပခုက္ကူက လူတွေဟာ အဲဒီလေယာဉ်ကို ဘယ်လိုအသုံးပြုနေလဲဆိုတော့ ညောင်ဦးက တစ်ဆင့်သွားပါတယ်။ အခုက ညောင်ဦးလေဆိပ်သည် တကယ့်ညောင်ဦးမှာဆင်းသော ခရီးသည် အများစုက Tourist တွေဖြစ်တယ်။ ညောင်ဦးကိုပဲသွားတော့ အဲဒီမှာ ပခုက္ကူခရီးသည်တွေပါလာ တယ်ဆိုတဲ့အကြောင်းကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ အဲဒီမှာ Traffic Demand ကလိုပါတယ်။ အဲဒီ Traffic Demand ထဲမှာတော့ ပခုက္ကူက ဦးစားပေးမပါသေးပါဘူး။ သို့သော် ညောင်ဦးဟာ အကန့်အသတ်ရှိတယ်။ Heritage ဧရိယာ ဖြစ်တဲ့ အတွက်ကြောင့် လေယာဉ်သည် Coach-C ဆီပဲ သွားနေတယ်။ လေယာဉ်အသေးပဲ ဆင်းလို့ရမယ်။ Coach-C ဆိုတာ Airbus 23/20 အောက်မှာပဲ ဆင်းလို့ရတယ်။ အဲဒီတော့ အဲဒါထက်ကြီးလာခဲ့ရင်တော့ အခုနကတုန်းက ပေ ၁၀၀၀၀ ဆောက်မယ့် ပခုက္ကူကိုလာမှာ ဖြစ်ပါတယ်။ ဒါဖြင့်ရင် အဲဒါဘယ်တော့လဲဆိုတော့ နိုင်ငံတော်ရဲ့လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအခြေအနေအပေါ်မှာ မူတည်ပြီးတော့ ဆောက်ရမှာဖြစ်ပါတယ်။ လေယာဉ်ကွင်းကြီးကို သိမ်းထားတဲ့အတွက်ကြောင့် ဆောက်ပြီးတော့ လေယာဉ်မလာရင်လည်းပဲ အားလုံးအတွက် နစ်နာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ Traffic Demand တကယ့်စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ မူတည်ပြီးတော့ လေယာဉ်ကွင်းများကို တိုးချဲ့သွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကံသေ၊ ကံမ

ဘယ်တော့ဆိုတဲ့ကိစ္စကို မပြောနိုင်သေးပါကြောင်း အစီရင်ခံရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**မင်းဘူး(စကု)မြို့နယ်တွင် လတ်တလောပြိုကျသော ဧရာဝတီမြစ်ကမ်းပါးများ ဆက်လက်မပြိုကျနိုင်စေရေးအတွက် စက်ယန္တရားကြီးများဖြင့် မြစ်ကြောင်းပြုပြင်ခြင်းများကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ ဒေသခံပြည်သူများ အခက်အခဲကြုံတွေ့နေရမှုများကို အမြန်ဆုံးကူညီဖြေရှင်းပေးနိုင်ရန်အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာ ဖြတ်သန်းစီးဆင်းသွားတဲ့ ဧရာဝတီမြစ်ရဲ့မြစ်ကမ်းပါးပြိုနေမှုကြောင့် မြစ်ကမ်းဘေးတွေမှာမှီခိုနေထိုင်ကြတဲ့ ကျေးရွာများမှ ဒေသခံပြည်သူများရဲ့ နေထိုင်ရေး၊ စိုက်ပျိုးရေးများအတွက် အခက်အခဲများကြုံတွေ့နေကြရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်မှာရှိတဲ့ သနပ်ပင်စုကျေးရွာအုပ်စု၊ နိဗ္ဗာန်ကျွန်းကျေးရွာအုပ်စု၊ မန်းကြိုးကျေးရွာအုပ်စုနှင့် ရွာပုလဲကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာများမှဒေသခံပြည်သူတွေဟာ နေအိမ်များရွှေ့ပြောင်းနေရခြင်း၊ စိုက်ပျိုးမြေများဆုံးရှုံးရခြင်းတို့ကြောင့် ဒေသခံပြည်သူများရဲ့ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ မင်းဘူး(စကု)မြို့နယ်ရဲ့ သနပ်ပင်စုကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဧရာဝတီမြစ်ကမ်းပါးပြိုနေတဲ့ အခြေအနေပဲဖြစ်ပါတယ်။ ဒါလည်း သနပ်ပင်စုကျေးရွာအုပ်စုအတွင်းမှာ ပြိုနေတဲ့ပုံဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် နိဗ္ဗာန်ကျွန်းကျေးရွာအနီးမှာ မြစ်ကမ်းပါးပြိုနေခြင်း ဖြစ်ပါတယ်။ အနက်ရောင်လေးနဲ့ဝိုင်းထားတဲ့နေရာက နိဗ္ဗာန်ကျွန်းကျေးရွာမူလရွာဖြစ်ပြီးတော့ ဟိုဘက်က သွပ်ပြောင်ပြောင်တွေကတော့ ရွာသစ်ရွှေ့ထားတဲ့နေရာဖြစ်ပါတယ်။ ရွာအဟောင်းကုန်လို့ ရွာသစ်ရွှေ့တဲ့နေရာနားကိုနီးနေပြီဖြစ်ပါတယ်။ ဒါကတော့ မြစ်ကမ်းပါးမှာ နှစ်ပေါင်းများစွာကတည်းကတိုင် စိုက်ပျိုးလာခဲ့တဲ့ စိုက်ခင်း ငရုတ်ခင်း၊ နေကြာခင်း၊ ကုလားပဲခင်းများဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မန်းကြိုးကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာဟောင်းကတော့ မြစ်အလယ်ခေါင်နေရာထိအောင်ရောက်သွားပါပြီ။ ဒါကမ်းပါးပြိုထားတဲ့ အနေအထားပဲဖြစ်ပါတယ်။ ဒါကတော့ ထုံးကြီးကျေးရွာဆိုလို့ရှိရင် တစ်ရွာလုံးမြစ်ကမ်းပါးနဲ့ဝေးတဲ့ နေရာကိုရွှေ့ရတဲ့ ရွာသစ်နေရာပဲဖြစ်ပါတယ်။ ဒါကတော့ ရွာပုလဲကျေးရွာအုပ်စု ရွာထိပ်ရွာဦးစေတီ ကမ်းပါးပြိုကျနေတဲ့ ပုံပဲဖြစ်ပါတယ်ခင်ဗျ။ ဒါကြောင့်မို့လို့ ဧရာဝတီဖြစ်ကမ်းနံဘေးမှာ မှီခိုနေထိုင်လျက်ရှိတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူ

များ ဘဝလုံခြုံမှုရှိစေရေးတို့အတွက် လတ်တလောပြိုကျနေသော ဇရာဝတီမြစ်ကမ်းများ ဆက်လက်မပြိုကျစေနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ စက်ယန္တရားကြီးများဖြင့် မြစ်ကြောင်းပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ပါသဖြင့် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ရေတိုက်စားတဲ့နေရာပေါင်း ၁၉ နေရာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ အဲဒီမှာ ကျွန်တော်တို့ လေ့လာထားချက်အရ မကွေးတိုင်းဒေသကြီးလေးခရိုင်မှာ နေရာ ၁၉ နေရာဟာ ကမ်းပါးပြိုရေတိုက်စားမှုဖြစ်ခဲ့တဲ့နေရာတွေဖြစ်ပါတယ်။ အဲဒီထဲမှာ ပန်းရောင်ရေးထားသော ရှစ်နေရာသည် စလင်းမှာလေးခု၊ ပွင့်ဖြူမှာတစ်ခု၊ မင်းဘူး(စကု)မှာ သုံးနေရာဆိုပြီးတော့ ကျွန်တော်တို့ဘက်က သတ်မှတ်ထားပါတယ်။ အဲဒီမှာ မင်းဘူး(စကု)မြို့နယ်သက်သက်ပဲကြည့်မယ်ဆိုရင် ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှာ တိုင်းတဲ့ရေလမ်းကြောင်းဟာ အခုအပြာရောင်ရေလမ်းကြောင်းဟာ အဓိကရေစီးတဲ့ လမ်းကြောင်းဖြစ်တယ်။ လှေ၊ သင်္ဘောတွေသွားတဲ့လမ်းကြောင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ရေလမ်းကြောင်းဟာ အဲလိုပြောင်းသွားပါတယ်။ ပြောင်းသွားပြီး ခုနတုန်းက အနီလေးနေရာမှာ ဘိလပ်မြေတင်တဲ့ Vessel တစ်စီးနစ်မြုပ်သွားပြီးတော့ ဆယ်မရတော့ဘဲနဲ့ အဲဒီအတိုင်းကျန်ခဲ့ပါတယ်။ အဲဒီအခါမှာ ၂၀၁၂ ခုနှစ်မှာ ရေလမ်းကြောင်းဟာ အနောက်ဘက်နိဗ္ဗာန်ကျွန်းကိုကပ်ပြီးတော့ စီးသွားပါတယ်။ ဒါကြောင့်လည်းပဲ ၂၀၁၃ ခုနှစ်မှာ နိဗ္ဗာန်ကျွန်းရွာတစ်ရွာလုံးပါသွားတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ရေကြီးတော့ ခုနတုန်းက ထုံးမကြီးရွာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ အများကြီးထိခိုက်ပျက်စီးခဲ့ပါတယ်။ ဒါက ကျွန်တော်ညာဘက်ခြမ်းက ရောင်စုံနဲ့ ပြထားတာက ၁၉၈၈ ခုနှစ်ကတည်းက ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းဖို့ရာအတွက် နယ်သာလန်နိုင်ငံ ဟက်စကော်နီကုမ္ပဏီနဲ့ပေါင်းပြီးတော့လုပ်ထားတဲ့ ဧရာဝတီကိုရေလမ်းကြောင်းကောင်းအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ Master Plan ဖြစ်ပါတယ်။ အဲဒီ Master Plan မှာကြားထဲမှာ တန်းလေးတွေပြထားတာ အနီရောင်တန်းလေးတွေ အနောက်ဘက်မှာခြောက်ခု၊ အရှေ့ဘက်မှာ နှစ်ခု၊ ရှစ်ခုပြထားတာပါ။ ရေကို အားလုံးအထိခိုက်မရှိစီးဆင်းစေချင်လို့ သူ့ရဲ့ပုံမှန်စီးဆင်းနိုင်တဲ့ Circular Curve နဲ့သူလုပ်ထားတာပါ။ အဲဒီဟာတွေ ရေကာတန်းတွေ ကျွန်တော်တို့က ရိုက်ရမှာပါ။ အဲဒီရေကာတန်းတွေက တကယ်တမ်းဝါးမျှောကိုသုံးပြီးတော့ အဲလိုလုပ်ခဲ့ရမှာပါ။ ဒါပေမဲ့ အဲဒီ Master Plan အတိုင်း လုံးဝမလုပ်ခဲ့နိုင်တဲ့အတွက်ကြောင့် အခုလိုပုံပြီးဆိုးတော့ မြစ်ကြီးဟာကောက်ထွက်သွားတယ်။ တကယ့်ရေနက်ကြောင်းက ကောက်ထွက်

သွားပြီးတော့ ကျန်တဲ့နေရာကြီးကလည်း မိုးအခါမှာရေကြီးတဲ့ ဧရိယာကြီးဖြစ်သွားပါတယ်။ အဲဒါတွေကို ကျွန်တော်တို့က နိဗ္ဗာန်ကျွန်းကို မပြင်ဘူးလားဆိုရင် ပြင်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ နိဗ္ဗာန်ကျွန်းပြိုကျပြီးတဲ့နောက် ဒီဘက်အခြမ်းလေးမှာ ရေကာတန်းနှစ်တန်းလုပ်ပါတယ်။ ရေကာတန်းနှစ်တန်းလုပ်ပြီးတော့ ကာပါတယ်။ ဘာလို့လဲဆိုတော့ ရေလမ်းကြောင်းကို နည်းနည်းပြောင်းစေချင်လို့ ကာခဲ့တယ်။

ဒါပေမဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်ကျတော့ ကျွန်တော်တို့က မလုပ်နိုင်တော့ဘူး။ မလုပ်နိုင်တော့ဘူးဆိုတာ ခုနတုန်းက ရှေ့ကရေလမ်းကြောင်းဟာ ရေနက်ကြောင်းကမီတာ ၂၀၊ ပေ ၆၀ နီးပါးပေါ့။ ပေ ၅၀ ထိ ရေနက်ကြောင်းသွားတော့ ခုနတုန်းရေကာတန်းလောက်နဲ့တော့ အဲဒီအောက်ပိုင်းကို ဆက်ပြီးလုပ်လို့မရဘူး။ မရတော့ ဒါဖြင့်ရင် ၂၀၁၆-၂၀၁၇ ခုနှစ်ကျွန်တော်တို့ ရောက်လာတော့ ဘယ်လိုလုပ်ကြမလဲဆိုတော့ တိုင်းဒေသကြီးနှင့်ညှိနှိုင်းလိုက်တဲ့အခါကျတော့ တိုင်းဒေသကြီးက တာဝန်ရှိတဲ့သူတွေနဲ့ညှိလိုက်တော့ အဲဒီနေရာလုပ်လို့မရတဲ့အတူတူ အခြားအရေးပေါ်နိုင်တဲ့နေရာရှစ် နေရာကိုလုပ်ကြစို့ရယ်ဆိုပြီးတော့ ကမ်းပါးပြိုကာကွယ်ရေးကို တိုင်းဒေသကြီးက ၂.၄ ဘီလီယံသုံးပြီးတော့ ကာခဲ့ပါတယ်။ အဲဒီအခါမှာ ကမ်းပြိုကာကွယ်ရေးတွေကို တိုင်းဒေသကြီးရဲ့ရန်ပုံငွေနဲ့ သုံးပါတယ်။ ရေလမ်းကောင်းမွန်ရေးကိုကျတော့ ပြည်ထောင်စုဘတ်ဂျက်နဲ့ သုံးပါတယ်။ အဲမှာတွေ့တဲ့အတိုင်းပဲ ပြည်ထောင်စုဘတ်ဂျက်သည် ၃၈၂ သန်းပဲရပါတယ်။ ဟိုဘက်ကနဲ့ နှစ်နှစ်ပေါင်းကို တိုင်းဒေသကြီးက ကမ်းပြိုကာကွယ်ရေးက ဒါက တကယ်လည်းအမှန်ပါပဲ။ ဘာလို့တုန်း ဒီရေလမ်းကြောင်းဟာ တစ်ခါတည်းဒီလိုထိန်းလို့ မရပါဘူး။ ဘာလို့လဲဆိုတော့ မြစ်ကြီးကပြန့်ကျဲကြီးဖြစ်ပြီးတော့ ပျက်သွားတာဖြစ်တယ်။ ဒါကြောင့် တိုင်းဒေသကြီးတွေမှာ လက်တွေ့ခံစားနေရသော၊ လက်ငင်းခံစားနေရသော ပြည်သူလူထုရဲ့တောင်းဆိုမှုအရ တိုင်းဒေသကြီးလွှတ်တော်တွေက တောင်းဆိုမှုအရ သူတို့အနေနဲ့ ကမ်းပါးပြိုကာကွယ်ရေးကို အရင်လုပ်ရတာဖြစ်ပါတယ်။

ဒါ့ကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အဲဒီလိုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရေလမ်းကတစ်ခု လုပ်နိုင်တယ်။ ကမ်းပြိုကာကွယ်ရေးက ရှစ်ခုလုပ်နိုင်တယ်။ ဒီနှစ်တော့ ၂၀၁၇-၂၀၁၈ ခုနှစ်က ရေလမ်းတစ်ခုနဲ့ ကမ်းပြိုကာကွယ်ရေး ကိုးခုလုပ်နိုင်တယ်။ အဲဒီမှာ ကုန်တဲ့အသုံးစရိတ်တွေ တင်ပြထားပါတယ်။ အဲတော့ ကျွန်တော်တို့ဟာ ဧရာဝတီမြစ်ကြီးကို ဘယ်လိုလုပ်ကြမှာလဲ။ ကျွန်တော်တင်ပြခွင့်ပြုပါခင်ဗျား။ ဒီဟာက နည်းနည်းယေဘုယျကျယ်ပြန့်လို့မလို့ ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ ဒါက စလေ-ပခန်းငယ်ပါ။ ခုနတုန်းက ချောက်-မကွေးရေလမ်းပိုင်းမှာ လေးနေရာရှိပါတယ်။ အဲဒီ လေးနေရာထဲမှာ ကျွန်တော်လုပ်ရမှာပါ။ အခုဆိုရင် စလေ-ပခန်းငယ် ဒီနှစ်လုပ်ပါတယ်။ မနှစ်က ၂၀၁၇-၂၀၁၈ ခုနှစ်ထဲမှာ အပေါ်မှာအပြာရောင်ကာထားတဲ့တန်းလေးရှိပါတယ်။ အဲဒီတန်းလေးကြောင့်မို့လို့ အပြာရောင် Curve ဖြစ်နေသော စနီးခွန်တို့၊ ကျွန်းကလေးတို့၊ ကြူတောကွက်သစ်တို့၊ ကြူတောရွာတို့ အဲဒီရွာတွေငါးရွာအတွက် ကျွန်တော်တို့က ကာကြည့်လိုက်တယ်။ မနှစ်ကတုန်းက ရေကာတန်းအပြာလေးကို အပေါ်မှာကာလိုက်တော့ အခု အဝါရောင်လမ်းကြောင်းလေးဟာ သောင်တူးလုပ်ငန်းလုပ်နေတာ ဖြစ်ပါတယ်။ အဝါရောင်နှစ်ခုနဲ့။ အပေါ်မှာအပြာတန်းလေး

ကာလိုက်တဲ့အတွက်ကြောင့် ဒေသခံ လေ့သမားတွေ၊ ရေလုပ်ငန်းလုပ်တဲ့သူတွေနဲ့ ညှိနှိုင်း လိုက်တဲ့အခါမှာ အဲဒီဘက်ကိုဆင်းသွားပါတယ်။ ဒါ့ကြောင့် ဒီနှစ် သူ့ရဲ့ Master Plan နဲ့တော့ တော်တော်ကိုဝေးသွားတယ်။ Master Plan နဲ့တော့ ဧရာဝတီဟာ မကိုက်ဘူးဖြစ်သွားတယ်။ ၁၉၈၈ ခုနှစ် Master Plan ဟာ ညာဘက်ခြမ်းမှာ။ အခုဟာကတော့ အလယ်မှာ သူ့ရဲ့ Circular Curve ဖြစ်အောင်ပဲ ကျွန်တော်တို့ လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင်ပြင်ရမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့ ဒီနှစ်လုပ်ပါတယ်။ ဒီနှစ်ရေလမ်းပေါက်နေပါပြီ။ အဲဒီမှာ ကျွန်တော်တို့ ရေကာတန်း ကာလိုက်တယ်။ ကာလိုက်တော့ လမ်းကြောင်းက ပြောင်းလာတယ်။ ပြောင်းလာပြီးတော့ ခုနတုန်းက အဝါရောင်မျဉ်းက အခု အောက်မှာတူးထားတဲ့ ၃၈၅၀ မီတာကို တူးပါတယ်။ တူးဖို့ရာအတွက် ကျွန်တော်တို့သုံးတာက ဘူဒိုဇာနှစ်စီးသုံးပါတယ်။ Backhoe ခြောက်စီးသုံးပါတယ်။ သောင်တူး ရေယာဉ်သုံးပါတယ်။ အဲဒီတော့ တစ်နှစ်အချိန် ဘတ်ဂျက်ပေးသမျှကို တစ်နှစ်ကိုတစ်ခု၊ တစ်ခုနဲ့ ကျွန်တော်တို့ နိဗ္ဗာန်ကျွန်းနဲ့ ခုနတုန်းကမင်းဘူး(စကု)ကို ၂၀၁၉-၂၀၂၀ ခုနှစ်မှာ သုံးနိုင်မယ်လို့ မှန်းပါတယ်ခင်ဗျ။ အဲတော့ ကျွန်တော်တို့အနေနဲ့ စက်ကြီးတွေသုံးတယ်။ ဒီဟာကလည်း တစ်ခါတည်း ပြီးမသွားဘူးနော်။ ဒီဟာက ရေကြောင်း Training ဖြစ်ပါတယ်။ အရင်တုန်းကလည်း River Training လို့ခေါ်ပါတယ်။ သူ့ကအချိန်ယူပြီးတော့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီ ၂၀၁၉-၂၀၂၀ ခုနှစ်ကျရင်တော့ နိဗ္ဗာန်ကျွန်းက ရေလမ်းကြောင်းကို ပြုပြင်နိုင်လိမ့်မယ်လို့ ဘတ်ဂျက် အခြေအနေအရ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ခုနှစ်ထိအောင်သာ စောင့်နေမယ်ဆိုလို့ရှိရင် စောစောက ကျွန်တော် Power Point နဲ့ပြခဲ့တဲ့ နိဗ္ဗာန်ကျွန်းကျေးရွာ ရွာအသစ်ကော၊ ထုံးမကြီးကျေးရွာ ရွာအသစ်ကော ဧရာဝတီမြစ်အလယ်ကိုရောက်သွားမှာပဲ ဖြစ်ပါ တယ်။ အခုလောလောဆယ်အနေနဲ့က ဒေသခံပြည်သူတွေရဲ့ တင်ပြတောင်းဆိုချက်အရ မြစ်ကြောင်း တချို့ကို ကွင်းဆင်းကြည့်ပြီးတော့ သောင်တူးစက်တွေနဲ့ မူလမြစ်ကြောင်းကို ကျွန်တော်တို့ ပြန်ဖော် လို့ရှိရင် အဆင်ပြေနိုင်တယ်လို့ ဒေသခံတွေကယူဆနေပါတယ်။ ဒါကြောင့်မို့လို့ မြစ်ကြောင်းဖြိုးက လာကြည့်တယ်။ လာကြည့်ပြီးတော့ လုပ်ပေးမယ်လို့လဲ ပြောမသွားဘူးပေါ့။ ကြည့်ပြီးတော့ ပြန်ပြန်သွားတာ။ အခုလိုရေနည်းတဲ့အချိန်မှာ လုပ်လို့အင်မတန်ကောင်းတဲ့ အချိန်လို့လည်း ဒေသခံတွေက တဖွဖွပြောပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် လွှတ်တော်အတွေ့အကြုံ ရှင်းပွဲသွားတိုင်း ဒေသခံပြည်သူတွေရဲ့တင်ပြချက်အရ ကျွန်တော်ကိုယ်တိုင်ကွင်းဆင်းပြီးတော့ ကြည့်ခဲ့တဲ့နေရာတွေ လည်းဖြစ်ပါတယ်။ မြစ်ကြောင်းဖြိုးကိုခေါ်တော့လည်း အကြောင်းအမျိုးမျိုးပြပြီးတော့ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီးတော့ ကွင်းဆင်းကြည့်တာတွေ မရှိသေးပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့က ဒီကြားထဲမှာ မြစ်ကြောင်းဖြိုးနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ကွင်းဆင်းကြည့်ပေးဖို့ နောက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၉-၂၀၂၀ ခုနှစ်ထိအောင်မစောင့်ဘဲနဲ့ ဒီရွာတွေ ဧရာဝတီမြစ်ထဲပါမသွားအောင်

ကျွန်တော်တို့လောလောဆယ်အနေနဲ့ သက်သာအောင် ကမ်းပါးတွေဆက်မပြိုအောင်လို့ သောင်တူးစက်တွေနဲ့ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဝန်ကြီးဖြေနိုင်က ဖြေပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့မှာ ဘတ်ဂျက်လည်းအကန့်အသတ်ရှိတယ်။ စက်ပစ္စည်းလည်း အကန့်အသတ်ရှိပါတယ်။ ဌာနရဲ့သောင်တူးစက်တွေက နေရာအနှံ့မှာ တကယ်တမ်းအင်အားသေးတဲ့ တရုတ်တွေလုပ်တဲ့ ရှိတဲ့စက်ကလေးတွေနဲ့ သွားနေရပါတယ်။ အခုလည်းပဲ အပေါ်က စလေ-ပခန်းငယ်ကို ကျွန်တော်တို့ နှစ်ခုလုပ်နေပါတယ်။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို စိတ်ပူမယ်ဆိုလည်း ပူစရာပါပဲ။ ကျွန်တော်ရဲ့ Revenue Budget ထဲကများ ယာယီကာတဲ့ Floating Structure လုပ်လို့ရမလားပေါ့။ နိဗ္ဗာန်ကျွန်းတွေက ခုနတုန်းကပြောတဲ့အတိုင်းပဲ အရင်ကတော့ ပေ ၄၀၊ ၅၀ တကယ့်ပြဿနာက ရေကြီးတဲ့အချိန်မှာဖြစ်လာမယ့်ပြဿနာပေါ့။ ရေကြီးတဲ့အချိန်မှာ ဒီ ပေ ၄၀၊ ၅၀ မဖြစ်ခင်မှာ Floating Structure တွေ ကျွန်တော်တို့ချရမလား။ Steel Cable ကိုင်လောက်နဲ့ ရသလား။ ရေစီးအားကို နည်းနည်းတန့်စေသောနည်း ယာယီအစီအစဉ်နဲ့ပဲ လောလောဆယ်လုပ်လို့ရမယ်။ ခုနတုန်းကပြောသလို ပိုက်ဆံတစ်ခါတည်း ငွေကုန်ကြေးကျခံပြီးတော့ ဘဏ္ဍာငွေအကုန်ခံပြီးတော့ အလဟဿဖြစ်နိုင်သလား။ ကျွန်တော်တို့ဟာ အများကြီးစဉ်းစားရပါတယ်။ လုပ်ပြီဆိုရင်လည်းပဲ သောင်တူးရင်အောင်မြင်မှုဖြစ်ပါတယ်။ မအောင်မြင်ခဲ့တဲ့အချိန်ကာလ ကျွန်တော်တို့ လောလောဆယ် ဒီဘက်ခေတ်မှာတော့ မရှိသေးဘူးပေါ့။ သို့သော်လည်း ကျွန်တော်ဆိုလိုတာကရတဲ့ ဘဏ္ဍာငွေထဲကနေပြီးတော့ အထိရောက်ဆုံးအသုံးချသွားမှာပါ။ အခုလည်းပဲ တိုင်းဒေသကြီးနဲ့ ပေါင်းစပ်ပြီးတော့ ဖြေတာပါ။ တိုင်းဒေသကြီး၊ ပို့ဆောင်ရေးဝန်ကြီးတို့နဲ့ ကျွန်တော်တို့ညှိနှိုင်းပြီးတော့ ဘယ်ဟာကိုလုပ်သင့်သလဲဆိုတာကို ညှိနှိုင်းပေါင်းစပ်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

**တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေ-ပင်လောင်းရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးနှင့် သီးနှံလျော်ကြေးပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင့်(တပ်ကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်ကုန်းမြို့နယ်အတွင်း ဆင်သေဘူတာမှ အစပြုဖောက်လုပ်ခဲ့တဲ့ ဆင်သေ-ပင်လောင်းရထားလမ်းစီမံကိန်းအတွက် လယ်ယာမြေများဆုံးရှုံးနစ်နာခဲ့ကြတဲ့ တောင်သူများကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

မူကြမ်း

လေးစားရပါတဲ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်သေ-ပင်လောင်းရထားလမ်းစီမံကိန်းကို ၂၀၁၀ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာ စတင်ဖောက်လုပ်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရပြီးတော့ ရမည်းသင်းမြို့နယ်၊ ရေဦးကျေးရွာနားအရောက် ရထားလမ်းမိုင် ၂၂.၅ မိုင် ဖောက်လုပ်ပြီးစီးပြီးတဲ့ နောက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းကိုတစ်ဝက်တစ်ပြတ်နဲ့ ရပ်နားထားခဲ့တာ ယနေ့ အချိန်အထိပဲဖြစ်ပါတယ်။ မူလလျာထားတဲ့အတိုင်းစီမံကိန်းကို အပြည့်အဝအကောင်အထည်မဖော်နိုင် ခဲ့တဲ့အတွက် အဆိုပါရထားလမ်းကို ပြည်သူတွေယနေ့အချိန်အထိ အသုံးပြုခွင့်မရခဲ့သလို စီမံကိန်း ကုန်ကျစရိတ်အနေနဲ့ကတော့ ငွေကျပ်သန်းပေါင်း ၅၂၀၃.၉၈၁ ငါးဘီလီယံကျော် နိုင်ငံတော်ဘဏ္ဍာက ကျခံသုံးစွဲခဲ့ရကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါ့အပြင် အဆိုပါရထားဖောက်လုပ်မှုကြောင့် ဒေသခံ တောင်သူတွေရဲ့ လယ်ယာမြေဧကစုစုပေါင်း ၂၃၀.၈၉ ဧကလည်း ဆုံးရှုံးနစ်နာခဲ့ရပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ တပ်ကုန်းမြို့နယ်ထဲက တောင်သူဦးကြီး ၂၄၀ ဦးရဲ့ လယ်ယာမြေဧက စုစုပေါင်း ၂၀၅.၁၉ ဧကလည်း ပါဝင်သွားခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တောင်သူ ၁၃၂ ဦးရဲ့ လယ်ယာမြေဧက ၁၂၀.၀၈ ဧကအတွက်ကိုသာ မြေယာလျော်ကြေးနဲ့သီးနှံလျော်ကြေး ငွေကျပ် ၁၈၃၅ သိန်းခန့်ပေးလျော်ခဲ့ကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့တပ်ကုန်းမြို့နယ်အတွင်း ကျန်ရှိနေတဲ့ လယ်ယာမြေ ၈၅.၁၁ ဧကအတွက်ကိုတော့ ယနေ့အချိန်ထိ မည်သည့်လျော်ကြေးမှမရရှိသေးဘဲ လယ်ယာမြေသိမ်းဆည်းခံတောင်သူများအနေနဲ့ ဆယ်စုနှစ်တစ်ခုနီးပါး လယ်မဲ့၊ ယာမဲ့ ဒုက္ခရောက် ရှိခဲ့ကြပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းကြောင့်ဆုံးရှုံးသွားတဲ့ ရမည်းသင်း မြို့နယ်အတွင်းက လယ်ယာမြေများအတွက်ကိုတော့ လယ်ယာနစ်နာကြေးနဲ့သီးနှံလျော်ကြေးများ အပြည့်အဝပေးလျော်ပြီးပြီလို့ ကြားသိရပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်တဲ့စီမံကိန်းတစ်ခု တည်းမှာကိုပဲ တောင်သူအချင်းချင်းတူတူ တချို့တောင်သူများက လယ်ယာမြေနစ်နာကြေးနဲ့သီးနှံ လျော်ကြေးများရရှိခဲ့ပေမဲ့ ကျွန်တော်တို့တပ်ကုန်းမြို့နယ် ကျေးရွာအုပ်စုခြောက်အုပ်စုက တောင်သူ ၁၀၈ ဦးရဲ့ လယ်ယာမြေ ၈၅.၁၁ ဧကအတွက် လယ်ယာမြေနစ်နာကြေးနဲ့သီးနှံလျော်ကြေး ယနေ့ အချိန်ထိမရရှိသေးတဲ့အတွက် ဆုံးရှုံးနစ်နာခဲ့တဲ့တောင်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပေးလျော်ရန်ကျန်ရှိနေတဲ့ တပ်ကုန်းမြို့နယ် ကျေးရွာအုပ်စုခြောက်အုပ်စုမှ တောင်သူပေါင်း ၁၀၈ ဦးရဲ့ လယ်ယာမြေဧကပေါင်း ၈၅.၁၁ ဧက လယ်ယာမြေနစ်နာကြေးနဲ့သီးနှံလျော်ကြေးကို အမြန်ဆုံး ပေးလျော်ရန်အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်မှာ လျာထားဆောင်ရွက် ပါမည်နည်း၊ အကယ်၍ ဆင်သေ-ပင်လောင်းရထားလမ်းစီမံကိန်းကို ဆက်လက်ဖောက်လုပ်ရန် အစီအစဉ်မရှိတော့ရင်လည်း ယခုဖောက်လုပ်ထားတဲ့ရထားလမ်းတာပေါင်ကို မြို့နယ်ပြည်သူလူထု အတွက် အသုံးပြုခွင့်ပေးနိုင်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို မဲဆန္ဒရှင်ပြည်သူလူထုနှင့် ဆုံးရှုံးနစ်နာခဲ့သူ တောင်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

## ဖြေကြားချက်

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ နေပြည်တော်၊ တပ်ကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်ရဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းမှာရှိတဲ့ ဆင်သေ-ပင်လောင်းရထားလမ်းဖောက်လုပ်ရာမှာပါဝင်သွားတဲ့ လယ်ယာမြေများအတွက် နစ်နာကြေး နဲ့သီးနှံလျော်ကြေးပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ခုနတုန်း က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ နေပြည်တော် ဆင်သေ-ပင်လောင်း ရထားလမ်းကိုဖောက်မယ်ဆိုပြီးတော့ စခဲ့ကြပါတယ်။ စခဲ့ကြပြီး ခုနတုန်းကလိုပဲ 5 Billions ကျော် အဟောသိကံဖြစ်ခဲ့တဲ့သဘောရှိပါတယ်။ အဲဒီမှာ တပ်ကုန်းနယ်ထဲမှာသိမ်းဆည်းမြေ ၂၃၁.၇၅ ဧက ပါရှိသွားပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ကပေးတဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ ဒီတိုင်းပေးလိုက်လို့ မရပါဘူး။ ကျွန်တော်တို့က ဘယ်သူတွေရဲ့ဘယ်မြေတွေကပါသွားတယ်ဆိုတဲ့အကြောင်း မြေယာက အဆင့်ဆင့်စိစစ်ရပါတယ်။ အဲဒီမှာ လျော်ကြေးကိုလည်းပဲ ဘယ်လောက်ပေးရမယ်ဆိုတာကိုလည်းပဲ ဗဟိုလယ်ဆည်ကတစ်ဆင့် သတ်မှတ်ပေးပါတယ်။ သတ်မှတ်ထားတဲ့ဧက သတ်မှတ်ထားတဲ့လူနာမည် ကို သတ်မှတ်ထားသော လျော်ကြေးနှုန်းထားနဲ့ ပေးရတာဖြစ်ပါတယ်။ ၂၃၁.၇၅ ဧကထဲမှာ ၁၂၀.၀၈ ဧကအတွက်ကိုတော့ ၂၀၁၅ ခုနှစ်အတွင်းကနေပြီးတော့ လျော်ကြေးငွေ ၁၈၃.၄၉၇၈ သန်းကို ပေးလျော်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကျန်နေတာ ၁၁၁.၆၇ ဧကဖြစ်ပါတယ်။ အဲဒီမှာ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ၈၅ ဧကလည်းပဲပါပါတယ်။ အဲဒီမှာ တပ်ကုန်း မြို့နယ်အတွင်းမှာ လျော်ကြေးငွေပေးချေရန်ကျန်ရှိတဲ့ တောင်သူ ၁၃၄ ဦးရဲ့ လယ်မြေက ၅၂.၉၉ ဧက ဖြစ်ပြီးတော့ ယာမြေက ၅၈.၆၈ ဧက စုစုပေါင်း ၁၁၁.၆၇ ဧကဖြစ်ပါတယ်။ အဲဒါကို တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ စိစစ်တွက်ချက်ပြီးတော့ ဥတ္တရသီရိခရိုင်၊ ပြီးတော့မှ နေပြည်တော် ကောင်စီ အဆင့်ဆင့်တင်ပြခဲ့တဲ့အခါမှာ နေပြည်တော်ကောင်စီလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က နေပြီးတော့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို ဆက်လက်တင်ပြထားကြောင်း သိရှိရပါတယ်။ အဲဒါကလည်း ၁၉-၄-၂၀၁၈ ရက်နေ့ကျမှ တင်ပြထားတယ်ဆိုတာကိုတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလ ခြောက်လဘတ်ဂျက်ထဲမှာတော့ ဒီဟာကို မမီတော့ပါဘူး။ အဲဒီတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကလည်း ဒီနေ့ကိုပဲ စိစစ်နေပါတယ်။ အဲဒီတော့ အဲဒီထဲမှာ ကျွန်တော်တို့မပါခဲ့ရင် ဗဟိုလယ်ဆည်ကနေပြီးတော့ ဒီဟာကို ဘယ်လောက်လျော်လိုက်ပါ။ ဘယ်လောက်နှုန်းနဲ့ဘယ်လိုပေးလိုက်ပါဆိုတဲ့ဟာရခဲ့ရင် ကျွန်တော်တို့ဘတ်ဂျက်ထည့်ပြီးတောင်းရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အချိန်မမီခဲ့ရင် နောက်ထပ်ဒီဖြည့်စွက်မှာ ဆက်တောင်းပြီးတော့ ကြိုးစား ကြည့်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ တတ်နိုင်သမျှ နစ်နာတဲ့တောင်သူတွေအတွက် လျော်ကြေးငွေရရှိရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျော်ကြေးပေးချေ

ခြင်းလုပ်ငန်းစဉ်များအတိုင်း စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်ရှိ ပျက်စီးယိုယွင်းနေသော မာန်အောင်မီးပြအား မူလအခြေအနေရောက်ရှိအောင် ပြန်လည်ပြုပြင်ပေးရန်နှင့် မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ္ဘာ့ရေကြောင်း လမ်းကြောင်းပေါ်ရှိ မီးပြများအား မပျက်စီးရအောင် မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်မြို့နယ်မှာရှိတဲ့ ပျက်စီးယိုယွင်းနေတဲ့ မာန်အောင်မီးပြကို မူလအခြေအနေအထိရောက်အောင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ္ဘာ့ရေကြောင်းလမ်းပေါ်ရှိ မီးပြများအား မပျက်စီးရအောင် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုတဲ့အတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်မီးပြဟာ ဘီကန်ကျွန်းပေါ်မှာရှိပြီး သက္ကရာဇ် ၁၉၀၉ ခုနှစ်က ဆောက်လုပ်ခဲ့တယ်လို့ သိရပါတယ်။ ကျွန်တော်တို့မာန်အောင်မီးပြကို ဘီကန်မီးပြလို့လည်းခေါ်ပါတယ်။ မီးပြဟာ မာန်အောင်ကျွန်းနှင့် ငါးမိုင်ခန့်ဝေးပြီး အမြင့်ပေ ၁၂၁ ပေရှိကြောင်း သိရှိရပါတယ်။ ညအချိန်မီးပြမှ အချက်ပြမီးအလင်းရောင်ကို မိုင် ၃၀ ခန့်ကနေမြင်ရတဲ့အတွက် ပင်လယ်ထဲမှာ ငါးဖမ်းတဲ့ရေလုပ်သားတွေနဲ့ ပင်လယ်ရေကြောင်းကို အသုံးပြုသွားလာနေတဲ့လှေ၊ သင်္ဘောတွေအတွက် များစွာအားထားရတဲ့ မီးပြဖြစ်ခဲ့ပါတယ်။ မီးပြထားရတဲ့ရည်ရွယ်ချက်ကတော့ ပင်လယ်ကို အဓိကထားပြီး ငါးဖမ်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူတွေနဲ့ ပင်လယ်ရေကြောင်းကို အဓိကထားပြီး ကူးသန်းသွားလာနေရသူတွေ၊ ဘေးအန္တရာယ်ကင်းစေရေးအတွက် မီးပြကို ထားရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း မီးပြတွေဟာ ရေကြောင်းသွားလာရေးမှာ ဘေးအန္တရာယ်ဖြစ်စေတဲ့ ကျောက်ဆောင်တွေ၊ သန္တာကျောက်တန်းတွေရှိတဲ့နေရာတွေမှာ ခက်ခက်ခဲခဲ တည်ဆောက်ထားတာကို တွေ့ရပါတယ်။ ခက်ခက်ခဲခဲတည်ဆောက်ခဲ့ရတဲ့အဆောက်အဦတွေပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ၁၉၇၀ ခုနှစ်၊ ကျောင်းသားအရွယ်တုန်းက ဒီမီးပြကို ပထမအကြိမ်ရောက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက မီးပြမှာ အမှုထမ်းငါးယောက်၊ ခြောက်ယောက် တွေ့ရပါတယ်။ မီးပြဟာ အလွန်ခန့်ညားလှပပြီး နေချင်စဖွယ်ပါ။ ကျွန်တော်တို့လာရောက်လေ့လာတဲ့အဖွဲ့ကို မီးပြအမှုထမ်းတွေက ထမင်းကျွေးပါတယ်။ မီးပြမှာရှိတဲ့ ဧည့်စာရင်းစာအုပ်မှာ ကျွန်တော်တို့အဖွဲ့ လက်မှတ်ထိုးရပါတယ်။ ယခုမီးပြမှာ အစောင့်ဝန်ထမ်းတစ်ယောက်မှ မတွေ့ခဲ့ရပါဘူး။ ဥက္ကဋ္ဌကြီး

မူကြမ်း

ခင်ဗျား။ ကျွန်တော် ၂၀၁၀ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ မီးပြကို နှစ်ခေါက်ရောက်ရှိပြီး အသေးစိတ်ကြည့်ရှုခဲ့ပါတယ်။ ကျွန်တော် ၁၉၇၀ ခုနှစ်က ရောက်ခဲ့တဲ့မီးပြအခြေအနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ရောက်ခဲ့တဲ့မီးပြအခြေအနေဟာ များစွာကွာခြားနေပြီဖြစ်ပါတယ်။ မီးပြဟာ လုံးဝပျက်စီးနေပါပြီ။ အစောင့်အမှုထမ်းတွေလည်း တစ်ယောက်မျှ မတွေ့ရတော့ပါဘူး။ မီးပြအခြေအနေကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ မာန်အောင်မီးပြကို အဝေးနဲ့ အနီးကပ်မြင်ရတဲ့ပုံများ ဖြစ်ပါတယ်။ ဒါကတော့ မီးပြအနီးအနားမှာရှိတဲ့ အဆောက်အဦတွေရဲ့ပုံဖြစ်ပါတယ်။ ဒီပုံကတော့ မီးပြအတွင်းမှာ ပျက်စီးယိုယွင်းနေတဲ့ပုံတွေပဲ ဖြစ်ပါတယ်။ ဒီဟာလည်း မီးပြအတွင်းမှာရှိတဲ့ အခန်းတွေ ပျက်နေတဲ့ပုံပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မီးပြလိုပဲ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ မီးပြတွေဟာ ဒီလိုပဲဖြစ်နေမလားလို့ စိတ်ထဲမှာအတွေးဝင်လာပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို မေးဖို့အကြောင်းအရင်းဖြစ်လာခဲ့ရပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်မီးပြအားမူလအခြေအနေသို့ရောက်အောင် ပြန်လည်ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ္ဘာ့ရေကြောင်းလမ်းကြောင်းပေါ်မှာရှိတဲ့မီးပြတွေကို မပျက်စီးရအောင်မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ကို သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု (ခ)ဦးတင်နုအောင်၏ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်ရှိ ပျက်စီးယိုယွင်းနေသော မာန်အောင်မီးပြအား မူလအခြေအနေရောက်ရှိအောင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကမ္ဘာ့ရေကြောင်းလမ်းကြောင်းပေါ်ရှိ မီးပြများအား မပျက်စီးရအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ တွေ့တဲ့အတိုင်းပဲ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းသည် ဘင်္ဂလားဒေ့ရှ်နယ်စပ် နတ်မြစ်ဝကနေပြီးတော့ ဘုရင့်နောင်အငူ အထိ ၂၂၂၈ ကီလိုမီတာရှည်လျားပါတယ်။ အဲဒီကမ်းရိုးတန်းမှာ မီးပြတိုက်ပေါင်း ၂၆ ခုရှိပါတယ်။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ဒီမီးပြတိုက်တွေသည် နိုင်ငံတကာရေကြောင်းသွားလာမှုအတွက်ရော၊ ပြည်တွင်းက ကမ်းရိုးတန်းသွားရေယာဉ်တွေအတွက်ရော အန္တရာယ်ကင်းရှင်းစေဖို့ရာအတွက် မီးပြတိုက်တွေ ထားရှိခဲ့ခြင်းဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ မာန်အောင်မီးပြတိုက်အကြောင်း ဖြစ်ပါတယ်။ ဒီဟာတွေက မီးပြတိုက်စာရင်းတွေဖြစ်ပါတယ်။ မပြောတော့ပါဘူး။ မာန်အောင်မီးပြတိုက်

ဟာ ၁၉၀၉ ခုနှစ်က ဆောက်ထားတာ ဖြစ်ပါတယ်။ သူရဲ့မီးပြတဲ့စနစ်က စက္ကန့် ၂၀ မှာ မီးသုံးချက်ဖွင့်တဲ့ မီးဖြူလျှပ်စစ်ဖြစ်ပါတယ်။ မှန်ဘီလူးအား ၃၆၀၀၀၀ နှင့်ပို့ပါတယ်။ အခုနကတုန်းက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ မိုင် ၃၀ လို့ပြောပါတယ်။ မီးပြစင်အမြင့်က ၁၂၂ ပေရှိပါတယ်။ အောက်ခြေအချင်းက ၂၇ ပေ သံကျွတ်ပုံလောင်းနှင့် လုပ်ထားတဲ့မီးပြတိုက်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကျတော့ အရင်တုန်းကတော့ အဲဒီမှာ ရေချိုကန်တွေရှိတယ်။ ရေချိုမီးစက်လည်းရှိပါတယ်။ Lister မီးစက်ကိုသုံးပြီးတော့ စားဖိုဆောင်တစ်လုံးလည်းရှိတယ်။ လူနေဆောင်တစ်လုံးလည်းရှိတယ်။ ရေချိုစုဆောင်းကန်တစ်လုံးလည်းရှိပါတယ်။ လုပ်သားခုနှစ်ဦးကို ခြောက်လစီ ထားခဲ့တဲ့စနစ်ကျင့်သုံးခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၈ ခုနှစ်ကျတော့ ကျွန်တော်တို့က 11 NM High Intensity LED Solar Lantern ကို တပ်ဆင်ပါတယ်။ အဲဒီတော့ Solar ကို တပ်လိုက်တဲ့အတွက်ကြောင့် မီးစက်လည်းမောင်းစရာမလိုတော့ဘူး။ လူတွေလည်း အများကြီးထားစရာမလိုတော့ဘူး။ ၂၀၁၀ ခုနှစ်ကစပြီးတော့ အစောင့်ဝန်ထမ်းလေးဦးကို တစ်ဖွဲ့လျှင် လေးလနှုန်းနဲ့ထားရှိတာ ဖြစ်ပါတယ်။

အဲဒါက အခုနတုန်းက ၃-၅-၂၀၁၇ ရက်မှာ ဘင်္ဂလားဒေ့ရှ်ကို ဦးတည်ဝင်ရောက်တဲ့ မိုရာမုန်တိုင်းကြောင့်မို့ မာန်အောင်မီးပြတိုက်ကို အဖျားခတ်ပြီးတော့ ပျက်စီးသွားတာ ဖြစ်ပါတယ်။ အဲဒီမှာ လူနေဆောင်ပျက်စီးသွားပါတယ်။ အဲဒီမှာလည်းပဲ မီးစက်အဆောင်ကလည်းပဲ ပျက်စီးသွားပါတယ်။ အခုနကတုန်းက စားဖိုဆောင်အဆောက်အဦဟာလည်း ပျက်စီးနေပါတယ်။ ဒါဟာ ၂၀၁၇-၂၀၁၈ ခုနှစ်ဘတ်ဂျက်မှာကျတော့ ပင်မလူနေဆောင်ကို အုတ်စီကွန်ကရစ်ကာရံထားတဲ့ပုံဖြစ်ပါတယ်။ အခုနတုန်းက မီးပြတိုက်အဝင်လှေကား ဘယ်ဘက်က ပျက်နေတဲ့အနေအထားပါ။ အခုဟာက ဆောက်ပြီးတဲ့အနေအထားပါ။ ကျောက်စီပြီးတော့ ကွန်ကရစ်ကျောက်စီရေကာလည်းပဲ လှိုင်းကာအောင် ပြင်ဆင်နေပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပြီးစီးအောင်လုပ်ခဲ့တဲ့အခြေအနေကို တင်ပြအပ်ပါတယ်။ အခုနတုန်းက မေးခွန်းထဲမှာ ဒုတိယမေးခွန်းက အဲဒီမှာမာန်အောင်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးသွားတော့ လူမရှိတာကတော့ သူကတကယ်တမ်းကျတော့ သွားရေးလာရေးဝေးတာလည်းပါတယ်။ ကျန်းမာရေးတို့၊ ရိက္ခာအတွက် သွားယူတာတို့၊ ရေချိုပြန်ယူတာတို့ ဒါမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီကိစ္စမှာ နောင်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် အစောင့်တော့ရှိရမယ်။ လေးဦးစလုံးမရှိရင်တောင်မှ အနည်းဆုံးနှစ်ဦးရှိအောင် လေးဦး လေးလတစ်ကြိမ်ကိုတော့ မဖြစ်မနေဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ မီးပြတိုက်တွေ ဘယ်လိုလုပ်လဲဆိုတော့ မီးပြတိုက်ဌာနခွဲမှူးတစ်ယောက်ထားပါတယ်။ ထားပြီးတော့ ကျွန်တော်တို့သုံးတာက ဆင်ပြောင်၊ ဆဒ္ဒန်ရေယာဉ်သုံးပါတယ်။ သုံးပြီးတော့ အဲဒီမှာ ၂၆ ခုကိုမှ ခြောက်လတစ်ကြိမ် နှစ်ခေါက်ပတ်ပါတယ်။ နှစ်ခေါက်ပတ်တော့ အဲဒီမှာလည်းပဲ အားလုံးသော မီးပြတိုက်တွေက High Intensity LED Solar Lantern တွေအစားထိုးတပ်ဆင်ပြီးသားဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က မီးပြတိုက်ဝန်ထမ်းတွေကိုလည်းပဲ လေးဦး လေးလတစ်ကြိမ် လဲလှယ်ပြီးတာဝန်ပေးပြီးတော့ လိုက်ပြီးတော့ စစ်နေတာပါ။ အဲဒီတော့ သဘာဝမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးရင်လည်းပဲ သွားရောက်စစ်ဆေးပြီးတော့ ဘဏ္ဍာငွေတောင်းခံပြုပြင်လျက်ရှိပါတယ်။ အဲဒီမှာ စစ်တွေမီးပြတိုက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က ပြင်တာ

ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မေယုမီးပြတိုက်ကို အခုနတုန်းက အားလုံးတောင်းဆိုချက်အရ ကျွန်တော်တို့ပြင်တာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ အပြီးပြင်သွားမှာဖြစ်ပါတယ်။ အဲဒီလို ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခုနတုန်းက လိုအပ်တဲ့အပေါ်မှာ၊ ပျက်စီးဆုံးရှုံးတဲ့အပေါ် မှာမူတည်ပြီးတော့ မီးပြတိုင်းကို ပြုပြင်ထိန်းသိမ်းလျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းအား မေးခွင့်ပြုပါခင်ဗျား။ အခုလို ကျွန်တော်တို့ဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ မီးပြပျက်ရတဲ့အကြောင်းရင်းဟာ မီးပြမှာ အဓိကကတော့ အစောင့်မရှိလို့ ဒီလိုပဲ ပျက်ရတယ်လို့ပဲ ကျွန်တော်ယူဆရပါတယ်။ အစောင့်ရှိလို့ရှိရင် တော်တော်နဲ့မပျက်ပါဘူး။ အခု ကျွန်တော်သွားစစ်တဲ့ နှစ်ခါက်မှာ ဘယ်လောက်အထိဆိုးလဲဆိုရင် ဒီမီးပြထဲမှာရှိတဲ့ အခန်းတံခါးတွေကအစ အားလုံးဖြုတ်တောက်ပြီးမှ ယူထားတာတွေ တွေ့ရတယ်။ ဆိုတော့ ဒီဟာအဓိကဟာ အစောင့်မရှိဘူးဆိုတဲ့ဟာကို အစောင့်တွေကလည်း ဘာကြောင့်မရှိလဲဆိုလို့ရှိရင် နေရေးထိုင်ရေးခက်ခဲတာရယ်၊ ကျန်းမာရေးအတွက် စိတ်မချရတဲ့အကြောင်းတွေကြောင့် သူတို့မနေချင်တာဘဲ ဖြစ်ပါလိမ့်မယ်။ ဒီအခက်အခဲတွေကို ဖြေရှင်းဖို့ဆိုလို့ရှိရင် ဒေသခံအောက်ခြေဝန်ထမ်းကို ခန့်ထားမယ်ဆိုရင် လုံးဝဒီလိုပြဿနာမျိုးမဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီမီးပြတိုက်တွေမှာ အောက်ခြေဒေသခံဝန်ထမ်းတွေကို ဝန်ကြီးဌာနအနေနဲ့ ခန့်ထားပေးနိုင်ဖို့ရှိ/မရှိ အဲဒါကို ဆက်စပ်မေးခွန်းအနေနဲ့ ကျွန်တော်မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေဆိုနိုင်က ဖြေဆိုပေးပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ အခုနကတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတာ သဘာဝကျပါတယ်။ အခုနတုန်းက လူတွေမရှိတာကိုတော့ လူတွေရှိအောင် လုပ်ရမယ်။ အခုနတုန်းက လူပျက်ကွက်တဲ့ကိစ္စတွေကိုလည်းပဲ ဌာနခွဲမှူးနဲ့ တာဝန်ရှိတဲ့သူတွေကို စုံစမ်းစစ်ဆေးအရေးယူရမှာ ဖြစ်ပါတယ်။ အခုနတုန်းကပြောတဲ့ နေရေးထိုင်ရေးခက်ခဲတယ်။ ကျန်းမာရေးခက်ခဲတယ်ဆိုတာလည်း သေချာပါတယ်။ သွားရေးလာရေးလည်းဝေးတော့ အခက်အခဲတွေရှိပါတယ်။ အဲဒီတော့ ဒေသခံဝန်ထမ်းတွေ ခန့်မလားဆိုတော့ ဒေသခံဝန်ထမ်းတွေလုပ်မယ့်သူရှိရင် အခုနတုန်းက ပြောတဲ့ လစ်လပ်တဲ့နေရာတွေ ရှိခဲ့ရင် ခန့်ထားပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ဖို့လည်းပဲ ကျွန်တော် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ကို ညွှန်ကြားဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တည်းမေတ္တာရပ်ခံလိုချင်တာကတော့ ဝန်ကြီးအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တံဆိပ်ကို မျက်နှာမူပြီး ဖြေကြားစေလိုပါတယ်။ နိုင်ငံတော်တံဆိပ်ကို မျက်နှာမူပြီးဖြေကြားဖို့ မေတ္တာရပ်ခံပါတယ်။

မူကြမ်း

**ချင်းတွင်းမြစ်ကြောင်း အန္တရာယ်ကင်းရှင်း၍ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းတွင်းမြစ်ကြောင်း ရာသီမရွေး လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေမှာ လုပ်ငန်းတွေ အားလုံးထဲမှာ ရေကြောင်းနဲ့သယ်ယူပို့ဆောင်ရေးဟာ စရိတ်စကကုန်ကျမှု အသက်သာဆုံးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ကနီ၊ မင်းကင်း၊ ကလေးဝ၊ ကလေးမြို့၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံးသာမက ချင်းပြည်နယ်မြောက်ပိုင်းဒေသများသို့ ကုန်စည်ပို့ဆောင်ရာမှာ ချင်းတွင်းမြစ်ကြောင်းလမ်းကို အများဆုံးအသုံးပြုကြရပါတယ်။ သို့သော်လည်း ချင်းတွင်းမြစ်ကြောင်းလမ်းသည် မိုးရာသီကာလဖြစ်တဲ့ ဇွန်လမှ စက်တင်ဘာလအထိသာ သွားရေး၊ လာရေးလွယ်ကူချောမွေ့ပြီး မိုးပြတ်တဲ့အောက်တိုဘာလမှစပြီး ဆောင်းနှင့်နွေကာလများမှာ လွယ်ကူချောမွေ့စွာ မသွားလာနိုင်တော့ပါဘူးခင်ဗျား။ ရေတိမ်လာခြင်း၊ ရေကြောင်းကျဉ်းလာခြင်းတို့ကြောင့် တချို့နေရာတွေမှာ ရေယာဉ်များခက်ခဲစွာသွားလာနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကလေးဝမြို့နယ် တမူချောင်းရွာနားမှာ ခရီးသည်နှင့် ကုန်တင်ရေယာဉ်တွေခက်ခဲစွာ သွားလာနေရတဲ့မြင်ကွင်းဖြစ်ပါတယ်။ ဒါကတော့ ဖောင်းပြင်မြို့နယ်မှာ ရေကြောင်းကျပ်လို့ ကုန်တင်အမြန်ယာဉ်တွေ တစ်စင်းပြီးမှ တစ်စင်းဆန်တက်နိုင်ဖို့ စောင့်နေကြရတဲ့နေရာဖြစ်ပါတယ်။ ဒါကတော့ တစ်စင်းဆန်တက်လာပြီးမှ နောက်တစ်စင်းက စုန်ဆင်းနိုင်ဖို့အတွက် စောင့်နေကြရတဲ့နေရာတွေဖြစ်ပါတယ်။ ဒါကတော့ သောင်တင်နေတဲ့ယာဉ်ကို ခရီးသည်တွေဝိုင်းဝန်းပြီးမှ တွန်းကူပေးနေကြရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ရေကြောင်းသွားလာရာမှာ ရေကြောင်းနက်တဲ့နေရာကို ရှာဖွေနေကြရတဲ့ပုံ ဖြစ်ပါတယ်။ ရေကြောင်းကျပ်တည်းခြင်းရဲ့ အကျိုးဆက်ကတော့ နွေရာသီကာလမှာ ကုန်တင်ယာဉ်တွေဟာ ကုန်တန်ချိန်ကိုလျှော့ပြီးတော့မှ တင်ကြရပါတယ်။ ခရီးအဆုံးရောက်သည်အထိ ရပ်ကြာပါတယ်။ စက်သုံးဆီပိုမိုကုန်ကျပါတယ်။ ဒါကြောင့် ကုန်စည်ပို့ဆောင်ရတဲ့ ကုန်ကျစရိတ်တွေ ပိုမိုကုန်ကျလာတဲ့အတွက် ဒေသအသီးသီးမှာ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ဒဏ်ကို ခံစားကြရပါတယ်။ သက်ဆိုင်ရာဦးစီးဌာနများအနေနဲ့ ရေကြောင်းအသုံးပြုခကိုသာ ကောက်ခံသော်လည်း ရေလမ်းကြောင်းကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းမရှိပါဘူးလို့ ပုဂ္ဂလိကရေယာဉ်လုပ်ငန်းရှင်များဘက်မှ ပြောဆိုနေတာတွေကိုလည်း ကြားသိနေရပါတယ်။ ဒါကြောင့်မို့လို့ ချင်းတွင်းမြစ်ကြောင်းအန္တရာယ်ကင်းရှင်း၍ လွယ်ကူချောမွေ့စွာ

သွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ သူ့ရဲ့မေးခွန်းက ချင်းတွင်းမြစ်ကြောင်း အန္တရာယ် ကင်းရှင်း၍ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျယ်ပြန့်ပြီးတော့ ဖြေရမယ့်အချက် ကလည်း ကျယ်ပြန့်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်ကို Power Point လည်း သုံးစွဲခွင့်ပြုပါ။ နည်းနည်းအချိန်ပိုမှာဖြစ်တဲ့အကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ချင်းတွင်းမြစ်ဟာ ဟူးကောင်းလွင်ပြင်အထက်ပိုင်းကနေ စီးဆင်းလာပြီးတော့ တနိုင်းမြစ်နာမည်နဲ့ စီးဆင်းခဲ့ပါတယ်။ ဧရာဝတီမြစ်နဲ့ ပခုက္ကူအထက်မှာ ပေါင်းဆုံပါတယ်။ ချင်းတွင်းမြစ်ရဲ့အလျားဟာ ၁၁၀၀ ကီလိုမီတာ ရှည်လျားတယ်။ ခန္တီးကနေပြီးတော့ ချင်းတွင်းမြစ်ဝအထိ မြစ်ကြောင်းသွားလာနိုင်တဲ့အလျားဟာ ၈၁၇ ကီလိုမီတာရှိပါတယ်။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ ဒီချင်းတွင်း မြစ်ဟာ အနည်အနှစ်ပို့ချတယ်။ ဒီရေကြောင်းသွားလာမှုတွေခက်ခဲတယ်ဆိုတဲ့အကြောင်းဟာ သေချာ လှပါတယ်။ အဲဒီမှာ ရေစူးကန့်သတ်ချက်ဟာ နှစ်စဉ် နိုဝင်ဘာလကနေပြီးတော့ မေလအတွင်း ရေနည်းချိန်မှာ ကန့်သတ်ချက်ရှိတယ်။ ဥပမာ- ဟုမ္မလင်းကနေ ခန္တီးကို ၂ ပေ ၆ လက်မ၊ ကလေးဝမှ ဟုမ္မလင်းကို ၃ ပေ၊ မုံရွာမှ ကလေးဝကို ၃ ပေ ၃ လက်မ၊ ချင်းတွင်းမြစ်ဆုံကနေ မုံရွာကို ၃ ပေ အထိသာ ကန့်သတ်ချက်တွေ ပေးထားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ချင်းတွင်းမြစ် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်တဲ့ မြစ်ကြောင်းအလျားက ကျွန်တော်တို့ တိုင်းတာတဲ့အခါမှာ အားလုံးပေါင်း ၈၁၇ ကီလိုမီတာမှာ ပြုပြင်ရန်မလိုတာက ၄၈၅ ကီလိုမီတာ၊ ပြုပြင်ပြီးတာက ၄၀ ကီလိုမီတာပဲပြီးသေးတယ်။ ထပ်မံပြုပြင်ဖို့လိုအပ်တဲ့ ကီလိုမီတာအလျားပေါင်း ဟာ ၂၉၂ ကီလိုမီတာရှိကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလိုဆိုရင် ရေလမ်းကို ဘယ်လိုပြုပြင်မှာလဲ။ အဲဒီအခါမှာ ပြုပြင်တဲ့နည်းတွေဟာ ကမ္ဘာမှာ(၃)နည်းရှိပါတယ်။ (River Back Regulation) မြစ်ကြမ်းပြင်ကိုပြုပြင်တယ်။ ရေမျက်နှာပြင်ကို ထိန်းသိမ်းတယ်။ ရေထုထည်ကို စီးဆင်းတယ်ဆိုတာ ကို ပုံတွေနဲ့ကျွန်တော် ဖော်ပြထားပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့အနေနဲ့ River Back Regulation ဆိုတဲ့ အပေါ်ဆုံးကနည်း၊ မိမိနိုင်ငံမှာထွက်တဲ့ မျှော၊ ဝါး၊ ကျောက်တွေနဲ့ပဲ လုပ်တဲ့နည်း ဟာ အသက်သာဆုံးဖြစ်ပါတယ်။ ဒီနေ့အခြေအနေဟာ ချင်းတွင်းမြစ်ရော၊ ဧရာဝတီမြစ်ကြီးရောဟာ အများကြီးကျယ်ပြန့်ပြီး တိမ်ကောပြီးတော့ ပျက်စီးနေပါတယ်။ ပျက်စီးနေတဲ့အခါမှာ ခုနတုန်းကလို

ရေမျက်နှာပြင် ထိန်းသိမ်းတာ၊ ရေထုထည်စီးဆင်းတယ်ဆိုတာ အောက်ကနည်းတွေနဲ့လုပ်ရင် ပိုက်ဆံလည်းတအားကြီးကုန်ပြီးတော့ အောင်မြင်မယ်ဆိုတာ မသေချာပါဘူး။ ဒါကြောင့်လည်းပဲ ပညာရှင်တွေ ညှိနှိုင်းပြီးတော့ လောလောဆယ်တော့ ဒီနည်းနဲ့ပဲ မြစ်ပြင်ကို ထိန်းကြစို့ရယ်၊ River Training ကို River Back Regulation ကို သုံးကြမယ်ဆိုပြီးတော့ ကျွန်တော်သုံးတာ ဖြစ်ပါတယ်။ ဒါက ခုနတုန်းက မင်းကင်းရေလမ်းကောင်းမွန်ရေးလုပ်ခဲ့တယ်။ အလုံရေလမ်းကောင်းမွန်ရေးလုပ်ခဲ့တယ်။ မုံရွာရေလမ်းကောင်းမွန်ရေးလုပ်ခဲ့တယ်။ အောက်မှာ မော်လိုက်ရေလမ်းကောင်းမွန်ရေးလုပ်ခဲ့တယ်။ ဒါပေမဲ့ မော်လိုက်ဟာ နှစ်နှစ်ပဲရှိပါသေးတယ်။ ဒီ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလုပ်တဲ့အခါမှာ မော်လိုက်ရဲ့အရှေ့ဘက်ကမ်းမှာ ရေကာတန်းလုပ်တဲ့အခါမှာ ရေကာတန်းအခြေ မနှစ်ကတုန်းက ပျက်သွားခဲ့ပါတယ်။ သူ့ရဲ့ဟာကို ကျွန်တော် ပုံလေးနဲ့ မင်းကင်းအကြောင်း တင်ပြပါမယ်။ မင်းကင်းရဲ့ ၁၉၈၈ ခုနှစ် Master Plan ဟာ ဘယ်ဘက်ကပုံအတိုင်းဖြစ်ပြီးတော့ အောက်ဘက်ကပုံမှာတော့ ၂၀၁၅ ခုနှစ်မှာ အောင်မြင်ပါတယ်။ အဲဒီမှာ ရေကာတန်းအနီလေးနှစ်ခု ညာဘက်ခြမ်းမှာ ရိုက်လိုက်တဲ့အခါမှာ မင်းကင်းဘက်ကို ရေဝင်သွားတာဖြစ်ပါတယ်။ ဒါကြောင့် မင်းကင်းဘက်ကို ရေဝင်လာအောင် ကျွန်တော်တို့လုပ်ရတာ ဖြစ်ပါတယ်။ ဒါ မင်းကင်းပြည်သူလူထုနဲ့ လူအများစုအတွက် ကျွန်တော်တို့ သူ့ရဲ့ရေလမ်းကြောင်းအတိုင်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မုံရွာမြို့နယ်မှာ အလုံရေလမ်းကောင်းမွန်ရေးကို လုပ်ရပါတယ်။ အဲဒီ အလုံဘက်မှာ ကျောက်ဆောင်တွေရှိတဲ့အတွက်ကြောင့် သူ့ရဲ့ ၁၉၈၈ ခုနှစ် Master Plan မှာ ညာဘက်အခြမ်းမှာ ရေကာတန်းတွေရိုက်ခိုင်းပါတယ်။ အခု ကျွန်တော်တို့ဟာ အလုံဘက်မှာ ရေကာတန်းလေးတွေရိုက်ရတယ်။ ရိုက်တဲ့အတွက်ကြောင့် ချင်းတွင်းတံတားကို ရေအဝင်မှန်ဖို့လိုပါတယ်။ ချင်းတွင်းတံတားရေအဝင်လမ်းကြောင်း မှန်ဖို့ရာအတွက် ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါလည်းပဲ အချိန်ဟာ လေးနှစ်ကနေ ငါးနှစ်အထိ ယူခဲ့ရတာဖြစ်ပါတယ်။ ဥပမာ-မုံရွာရေလမ်း။ မုံရွာဟာ တကယ့်အရေးကြီးတဲ့ ဆိပ်ကမ်းမြို့ဖြစ်ပါတယ်။ အဲဒီဆိပ်ကမ်းကို ရောက်ရှိဖို့ရာအတွက် ခုနတုန်းက ရေကာတန်းတွေ လေးခုလုပ်ရပါတယ်။ အဲဒီအခါမှာလည်းပဲ ကျွန်တော်တို့ ဒီ မုံရွာကနေပြီးတော့မှ အဲဒီမှာ သူတို့ရဲ့ ဒီ Master Plan နဲ့ နည်းနည်းလိုပါသေးတယ်။ ရေလမ်းကြောင်းဟာ မချောသေးဘူးဆိုတဲ့အကြောင်းကို ပုံမှာတွေ့ရှိနိုင်ပါတယ်။ ဒီ River Training သည် တစ်နှစ်တည်း၊ နှစ်နှစ်တည်းလုပ်လို့မရဘဲနဲ့ နေရာကိုလိုက်ပြီးတော့ လုပ်ရတာဖြစ်ပါတယ်။ မြစ်ကိုလည်းပဲ ကျယ်ပြန့်နေတဲ့ဟာ တိမ်ကောနေတာကြီးကို ကျဉ်းအောင်လုပ်ယူရတာဖြစ်ပါတယ်။ သဘာဝကိုဆန့်ကျင်ပြီးလုပ်ရတဲ့အတွက်ကြောင့်မို့လို့ အချိန်ယူရတာဖြစ်ပါတယ်။ အဲဒီလိုပဲ ခုနတုန်းက သွားလာမှုလွယ်ကူချောမွေ့စေရေးဆိုတော့ ဆိပ်ကမ်းတွေကောင်းဖို့လိုပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဖောင်းပြင်ဆိပ်ကမ်းလုပ်ထားတာ ဒါဟာ ၂၀၁၃-၂၀၁၄ ခုနှစ်က လုပ်ထားတာဟာဆိုရင် ပြိုနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဘိုးပိုင်ရိုက်ပြီးတော့ ကျောက်စည်ရေကန်ကြီးနဲ့လုပ်တဲ့အတွက်ကြောင့်၊ ဘာဖြစ်လို့လဲဆိုတော့ ဖောင်းပြင်ရဲ့နောက်မှာ စိမ့်မြေရှိနေတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ မော်လိုက်-ရွှေနဒီဆိပ်ကမ်းဆိုလည်းပဲ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ပြန်ပြိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဲဒါတွေကို ဖောင်းပြင်၊ မော်လိုက်၊ မုံရွာ၊ ရေစကြို စတဲ့ပုံတွေကို ကျွန်တော် ကမ်းပါးပြိုမှုထိန်းသိမ်းကာကွယ်ရေးအကြောင်း ကျွန်တော်တင်ပြတာဖြစ်ပါတယ်။ ဒီသုံးနှစ်အတွင်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ်၊

၂၀၁၆-၂၀၁၇ ခုနှစ်၊ ၂၀၁၇-၂၀၁၈ ခုနှစ် သုံးနှစ်အတွင်းမှာလုပ်ခဲ့တဲ့ ရေလမ်းကောင်းမွန်ရေး လုပ်ငန်းက သုံးနှစ်အတွင်းမှာ ၁၀ နေရာပဲလုပ်နိုင်ပါတယ်။ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းက နေရာ ၇၀ လုပ်နိုင်ပြီးတော့ စုစုပေါင်း နေရာ ၈၀ ပဲလုပ်ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ချင်းတွင်းချည်းပဲ လုပ်လို့ရသလား။ မဟုတ်ပါဘူး။ ချင်းတွင်းမြစ်ရဲ့ မြစ်လက်တက်တွေ၊ မြစ်သာတို့၊ ကနန်တို့၊ ဥတုချောင်း၊ တောင်ယမား၊ မြောက်ယမား၊ ဈေးချောင်း၊ ရေဝါချောင်း စသဖြင့် ချောင်းတွေ မှာလည်းပဲ ရေကြီးတယ်၊ ကမ်းပါးပြိုတယ်။ မြစ်သာဆိုရင် အများကြီးဆိုးခဲ့တယ်။ ဒါကြောင့် ကျွန်တော် တို့ဟာ သူ့နှစ်အလိုက် မြစ်ကြောင်းတွေမှာ ကမ်းပါးပြိုတာကာကွယ်ဖို့၊ ရေလမ်းကောင်းအောင်လုပ်ဖို့ ဆိုတဲ့အချက်တောင် ၁၀၅ နေရာ ကျွန်တော်တို့ လုပ်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဥပမာ- ကျွန်တော်တစ်ခုပြောပါမယ်။ မုံရွာမြို့နယ်၊ ကျွန်းကြီးဟာ ကျွန်တော့်ရဲ့ မုံရွာမဲဆန္ဒနယ်ကျွန်းကြီးမှာ မြစ်ကြီးက အဲဒီအတိုင်းကြီး ဖောင်းပြီးကျယ်နေတယ်။ အပေါ်မှာ ပေ ၃၀၀၀ လောက်ပဲ ကျယ်တဲ့ အကျယ်ဟာ ဒီဘက်ရောက်တော့ ပေ တစ်သောင်းကျော်၊ နှစ်မိုင်နီးပါးလောက်ကျယ်သွားတယ်။ ကျယ်သွားပြီးတော့ ရွာတွေက ပုံနမော်တို့၊ ကြွက်ကျွန်းတို့က ပျောက်သွားတယ်။ နတ်ကြီးကျွန်းတို့က လည်းပဲ အကုန်လုံး ရေစားခံရတယ်။ ဒါကြောင့် အားလုံးက မဲဆန္ဒရှင်တွေတောင်းဆိုတော့ ၂၀၁၆- ၂၀၁၇ ခုနှစ်မှာ ဘတ်ဂျက်မပါတော့ ကျွန်တော်ဟာ ဟိုတစ်နေ့ကအတိုင်းပဲ Steel Cable Gybe နှစ်ခုနဲ့ပဲ ရေလမ်းကြောင်းကို နည်းနည်း အရှည်လေးတိုက်ရုံလေးလောက်ပဲ ဒီတန်းကိုမစားရုံလောက်ပဲ ကျွန်တော်လုပ်ခဲ့ပါတယ်။ အဲဒီတော့ အခု၂၀၁၇-၂၀၁၈ ခုနှစ်မှာကျတော့ အပေါ်မှာ ရေကာတန်းအတို (အနီလေး)ညာဘက်ခြမ်းမှာ ရှိပါတယ်။ အဲဒီကျဉ်းတဲ့နေရာလေးမှာ ရိုက်လိုက်ပြီး တဲ့နောက် ရေဟာ အနောက်ဘက်ကို စီးလာပါတယ်။ စီးလာတဲ့အတွက်ကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်မှာ ကျွန်တော်တို့ သောင်တူးတဲ့နေရာ နှစ်နေရာလွှဲလိုက်တဲ့အတွက်ကြောင့် အခု ဘယ်လိုပဲ ဖြစ်ဖြစ် ရေနည်းချိန်မှာ ဒီဘက် ကျွန်းကြီးနဲ့အပါအဝင်ကို ရေမစားအောင်တော့ ကာနိုင်မည်ဆိုတာ ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ဒီ ရေကြီးတဲ့အချိန်ကျတော့ ရေလာချင်နေတယ်ဆိုတဲ့ ပြည်သူလူထု ရဲ့တောင်းဆိုမှုတွေလည်း ရှိနေပါတယ်။ အဲဒီမှာ ခုနတုန်းက ရေကာတန်းတွေဟာ မြုပ်ရမှာဖြစ်ပါတယ်။ ရေကာတန်းတွေမြုပ်ပြီး သောင်တွေကျလာမှ ကျွန်တော်တို့ရဲ့လုပ်ငန်းဟာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တဖြည်းဖြည်းချင်း Training ကိုပေးရတာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒါ ကျွန်းကြီးကျေးရွာအတွက်လုပ်တဲ့ မှတ်တမ်းတင်ပုံတွေဖြစ်ပါတယ်။ အဲဒီမှာ ခုနတုန်းက ချောမောလွယ်ကူတဲ့ သွားလာရေးဖြစ်ဖို့ဆိုတာက အပေါ်မှာ တောပြုန်း၊ တောင်ပြုန်းတော့ သစ်ပင်တွေပါလာတယ်။ အဲဒီမှာ သစ်ပင်တွေ ရေထဲမြုပ်နေတာ တံစုန်းလို့ခေါ်ပါ တယ်။ အဲဒီ တံစုန်းနုတ်တဲ့လုပ်ငန်းကိုလည်းပဲ နှစ်စဉ် ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ သွားလာရေးအတွက် ရေလမ်းပြအန္တရာယ်ပြကမ်းပေါ်အမှတ်အသား ရေလမ်းပြအမှတ်အသားတွေ ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ နှစ်စဉ် ဘယ်လိုလုပ်မလဲဆိုတဲ့ မေးခွန်းကိုလည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက မေးပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဟာ ၂၀၁၈-၂၀၁၉ ခုနှစ်ကနေ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ နောက်သုံးနှစ်မှာလုပ်မှာကတော့ ဟုမ္မလင်း-မော်လိုက်မှာ ၁၃ နေရာ၊ ၁၃ နေရာပြုပြင်ဖို့လိုအပ်ပေမဲ့ ကျွန်တော်တို့ ငါးနေရာပဲပြင်နိုင်မယ်။ မော်လိုက်-မုံရွာမှာ ၁၁

နေရာပြုပြင်ဖို့လိုပေမဲ့ ကျွန်တော်တို့ ကိုးနေရာပဲပြင်နိုင်မယ်။ မုံရွာ-ချင်းတွင်းဝမှာ ၅ နေရာ ပြင်မယ်ဆို ပြီးတော့ လျာထားပါတယ်။ လျာထားပြီးတော့ ရှေ့လာမယ့်သုံးနှစ် အစီအမံကို ကျွန်တော်တင်ပြအပ် ပါတယ်။ ဒါကြောင့် နှစ်စဉ်ဆောင်ရွက်မယ့် အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ အားလုံး ဒီ ခုနတုန်းက ဟာတွေတော့ မပြောတော့ပါဘူး။ ဒီမြစ်ကြီးပျက်နေတဲ့ဟာတွေကို အားလုံး ဟုမ္မလင်းကနေပြီးတော့ ချင်းတွင်းမြစ်ဝအထိဆွဲပြဖို့ လုပ်ထားပါတယ်။ ဒီလောက်ဆိုရင် ကျွန်တော်တို့သည် နှစ်စဉ်ဆောင်ရွက် မယ်ဆိုတဲ့ အစီအမံများရှိကြောင်း၊ ဆောင်ရွက်လျက်လည်းရှိပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ကြိုးစားဆောင်ရွက် သွားမယ်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ပြန်ထွက်လိုက ထွက်နိုင်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများ အားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးစိုင်းဦးခမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ် ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီကိုယ်စားပြုပြီး အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ တင်သွင်းမယ့် အဆို ကတော့ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများ အားလုံးသည် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ကိုအသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်းအဆိုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအဘက်ဘက် မှ လူ့စွမ်းအား၊ ကုန်ထုတ်စွမ်းအားများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာမှာ နည်းပညာရဲ့အထောက်အကူ ရယူဆောင်ရွက်ခြင်းသည် ထိရောက်ပြီး အလွန်အရေးကြီးပါတယ်။ သို့ဖြစ်ရာ e-Government အပါအဝင် ICT နည်းပညာစနစ်များဖြစ်တဲ့ Mobile Payment များကို

အမှန်တကယ်လက်ခံကျင့်သုံးသွားနိုင်လျှင် မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေမှ လျင်မြန်စွာရုန်းထွက်နိုင်မှာဖြစ်ပါတယ်။

ထို့အပြင် အစိုးရရဲ့ယန္တရားများကို ပိုမိုမြန်ဆန်ချောမွေ့စွာ လည်ပတ်စေပြီး တစ်ချိန်တည်းမှာပဲ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဟာလည်းပဲ ပိုမိုထိရောက်လွယ်ကူမြန်ဆန်လာမှာ ဖြစ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှု(Good Governance)၊ သန့်ရှင်းသောအစိုးရ(Clean Government) တစ်ရပ်ဖြစ်ပေါ်ဖို့အတွက် ပွင့်လင်းမြင်သာမှု(Transparency)၊ ကျွမ်းကျင်မှု(Efficiency)၊ အကျိုးသက်ရောက်မှု(Effectiveness)တို့ကို မြှင့်တင်ပေးဖို့စတဲ့အပိုင်းတွေမှာ ICT နည်းပညာနဲ့ အပြည့်အဝအကောင်အထည်ဖော်ဆောင်ပေးနိုင်ပါတယ်။ Mobile Payment ဆိုတာ မိမိကိုင်ဆောင်ထားတဲ့ ဖုန်းပိုက်ဆံအိတ်လို့ဆိုရင် မမှားဘူးဖြစ်ပါတယ်။ အဲဒီ ဖုန်းပိုက်ဆံအိတ်နဲ့ အချိန်မရွေး၊ နေရာမရွေး ငွေပေးချေခြင်း၊ ငွေလက်ခံရယူခြင်း၊ ငွေအကြွေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ခြင်းတွေမှာ အသုံးဝင်မှာဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံခြားရောက်မိသားဝင်များမှ မြန်မာနိုင်ငံမှာရှိတဲ့ မိဘများဆီသို့ ငွေပေးပို့လိုရင် တောင်ယာလုပ်ငန်းခွင်မပျက် ဖုန်းဖြင့်လက်ဝယ်သို့ ချက်ချင်းငွေလက်ခံရယူနိုင်မှာဖြစ်ပါတယ်။ Mobile Payment စနစ်ကြောင့် ဘဏ်ကိုလက်လှမ်းမမီတဲ့ပြည်သူတွေအတွက် အားကိုးစရာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုရယူတဲ့နေရာမှာ မြို့ပြနေပြည်သူများရယူနိုင်မှုနှင့်ကွာခြားမှုမရှိ တန်းတူမှုကိုဖြစ်စေပါတယ်။ မြို့ပြနှင့်ကျေးရွာ ITL Mobile နည်းပညာအသုံးပြုမှုကွာဟချက်ကို ကျဉ်းမြောင်းစေမှာဖြစ်ပါတယ်။ Mobile Payment စနစ်ကြောင့် e-Government and Paperless အစီအစဉ်တွေမှာ ရာနှုန်းပြည့်အထောက်အကူပြုဖြစ်နိုင်မှာဖြစ်ပါတယ်။ Mobile Payment စနစ်ကို တိုင်းပြည်အသီးသီးမှာ ကျင့်သုံးနိုင်ရင် Green World အဆင့်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ Mobile Payment စနစ်ကြောင့် အမျိုးသမီးတွေ ဘဝလုံခြုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ Online, e-Government, Mobile Payment တို့ကို အသုံးပြု၍ ပညာဆည်းပူးနိုင်တယ်။ လေ့လာသင်ယူနိုင်တယ်။ အရောင်းအဝယ်ပြုလုပ်နိုင်ပြီးတော့ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေနိုင်မှာဖြစ်ပါတယ်။ ငွေကြေးအမြောက်အမြားရင်းနှီးဖို့မလိုဘဲနဲ့ အခြေခံအဆောက်အဦတွေအတွက် ရင်းနှီးဖို့လည်း မလိုတော့ဘူးဖြစ်ပါတယ်။

Mobile Payment စနစ်ဟာ လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲနဲ့ လာဘ်ပေးလာဘ်ယူလည်းနည်းစေနိုင်မှာဖြစ်ပါတယ်။ Clean Government, e-Government အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ အထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ Mobile Payment ဟာ မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်လာနိုင်ပါတယ်။ Mobile Payment စနစ်သည် ငွေသားနဲ့ငွေကြေးဝန်ဆောင်မှုစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဗဟိုဘဏ်မှ ငွေစက္ကူပုံနှိပ်ထုတ်ဝေမှုလျော့နည်းစေပြီးတော့ ကုန်ကျစရိတ်လည်းသက်သာလာစေနိုင်မှာ ဖြစ်ပါ

တယ်။ ဒါကတော့ ငွေကြေးဝန်ဆောင်မှုဘဏ်စနစ်ကို ဆင်းရဲနွမ်းပါးသူထံ အရောက်ပေးပို့နိုင်မယ့်စနစ်ဖြစ်တယ်ဆိုတာကို ပြတဲ့ပုံဖြစ်ပါတယ်။

Mobile Payment စနစ်သည် ဘဏ်စနစ်ကို ဆင်းရဲနွမ်းပါးသူများထံအရောက် ပေးပို့နိုင်မှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေတိုးပွားလာပြီးတော့ ဝင်ငွေရရှိစေနိုင်ခြင်းကြောင့် မိသားစုစားဝတ်နေရေးအဆင်ပြေပြီး ဆင်းရဲမွဲတေမှုကိုလျှော့ချသက်သာစေနိုင်မှာ ဖြစ်ပါတယ်။ လာမယ့်အနာဂတ်မှာ မြန်မာနိုင်ငံရဲ့လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ နေရာမရွေး၊ ဒေသမရွေး၊ အချိန်အခါမရွေး Online မှတစ်ဆင့် ၎င်းတို့လိုအပ်တဲ့ဝန်ဆောင်မှုတွေ၊ သတင်းအချက်အလက်တွေကို လွယ်ကူစွာရယူနိုင်တော့မှာဖြစ်ပါတယ်။ အစိုးရနဲ့ဌာနဆိုင်ရာတွေရဲ့ပုံရိပ်ကို အသစ်တစ်ဖန်ပြန်လည်တွေ့မြင်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အခု Mobile SIM Card များ အရေအတွက်ဟာ သန်းပေါင်း ၅၀ ကျော်ဖြန့်ကျက်ထားပြီး ငါးလက်မအရွယ်ရှိ ကွန်ပျူတာငယ်(Tablet) အရေအတွက်ဟာ သန်း ၂၀ ဝန်းကျင်သည် ပြည်သူလူထုအကြားပျံ့နှံ့သုံးစွဲနေပြီဖြစ်သောကြောင့် အားထားလောက်တဲ့အခြေခံ အဆောက်အဦတစ်ရပ်ဖြစ်နေတယ်ဆိုတာကို တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ အကြံပြုလိုတာကတော့ အစိုးရဝန်ကြီးဌာနများရဲ့ ပြည်သူ့ထံမှအခွန်အခတွေကို ကောက်ယူတဲ့နေရာမှာ ဗဟိုဘဏ်မှခွင့်ပြုထားသော Mobile Banking, Mobile Payment များအား အသုံးပြုပြီးပေးချေဆောင်ရွက်နိုင်ရန် ဖုန်းဖြင့်လစာလက်ခံလိုသော ဝန်ထမ်းများအားလစာပေးအပ်ရာမှာ Mobile Payment စနစ်ကို စမ်းသပ်အသုံးပြုနိုင်ပြီး ငွေသားအစားထိုးအသုံးပြုနိုင်ခြင်း၊ ကိုယ်တိုင်လာရောက်ရန်မလိုခြင်း၊ ပိတ်ရက်မရှိအချိန်မရွေးငွေပေးနိုင်ခြင်းစတာကို ပြုလုပ်နိုင်တော့မှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ ငွေပေးငွေယူနဲ့သက်ဆိုင်တဲ့ကဏ္ဍအသီးသီးတွေမှာ ငွေသားအစားထိုးဖြင့် Mobile Payment စနစ်ကိုပြောင်းလဲအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Mobile Payment Digital စနစ်နဲ့ဆောင်ရွက်ထားတဲ့ ငွေပေးငွေယူ Digital မှတ်တမ်းအထောက်အထားများကို လက်မှတ်ရေးထိုးထားတဲ့ စာရွက်စာတမ်းအထောက်အထားများကဲ့သို့ နိုင်ငံတော်မှအသိအမှတ်ပြုလက်ခံပေးဖို့ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့လည်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ မဟာဗျူဟာရည်မှန်းချက်များရေးဆွဲရန်၊ အမျိုးသားအဆင့်ဦးဆောင်ကြီးကြပ်မည့်အဖွဲ့အစည်းတစ်ရပ်ထူထောင်ရန်၊ နည်းပညာအဆောက်အဦများကို တိုးချဲ့တည်ဆောက်ရန်၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှုအဆင့်မြင့်မားလာစေရေး ကြိုးစားရန်၊ ICT နည်းပညာအသုံးပြု၍ ဥပဒေများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်းတို့ကိုဆောင်ရွက်ရန်၊ ဦးစားပေးစီမံကိန်းများကို ရွေးချယ်၍ စနစ်တကျအကောင်အထည်ဖော်ရန်၊ အချို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်စတဲ့အချက်တွေကို အကြံပြုလိုပါတယ်။ နိဂုံးချုပ်အားဖြင့် IT နည်းပညာဖြစ်တဲ့ Mobile Payment ကို ကျယ်ပြန့်စွာအသုံးပြုခြင်းအားဖြင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အသစ်များကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းသစ်များကိုရရှိစေနိုင်ခြင်း၊ မိမိတို့၏ စီးပွားရေးကဏ္ဍအား အထောက်အကူပြုလာစေနိုင်ခြင်း၊ လူမှုဘဝများ ပိုမိုအဆင်ပြေချောမွေ့စေခြင်း၊

ဆင်းရဲမွဲတေမှုလျော့ကျစေခြင်းစတဲ့ အကျိုးကျေးဇူးများကို မလွဲမသွေရရှိမှာဖြစ်ပါသဖြင့် ဤအဆိုကို လွှတ်တော်၌အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဦးခမ်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်ကတင်သွင်းတဲ့ Mobile Payment ဆိုင်ရာအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ e-Government စနစ်ကို ချန်လှပ်ထားလို့မရပါဘူး။ e-Government သည် နိုင်ငံတော်၏ဖွံ့ဖြိုးမှုကို တိုင်းတာတဲ့ညွှန်းကိန်းတစ်ခုဖြစ်နေလို့ပါပဲ။ ဒါကြောင့်မို့လို့ e-Government ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ Mobile Payment စနစ်ဟာလည်းပဲ မပါမဖြစ်ဖွံ့ဖြိုးမှုရဲ့မှတ်တိုင်တစ်ခုလို့ဆိုချင်ပါတယ်။ နိုင်ငံတော် အစိုးရရဲ့အသွင်ကူးပြောင်းရေးမှာ အရေးပါတဲ့ခြေလှမ်းတစ်ရပ်အဖြစ်ရှိနေမယ်လို့လည်း အလေး အနက်ယုံကြည်ပါတယ်။ တကယ်တော့ Mobile Payment စနစ်ဟာ IT နည်းပညာကိုအသုံးချပြီး လူမှုဘဝကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အထွေထွေဗဟုသုတနှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ တွေကို ခေတ်မီအဆင့်တစ်ခုကိုရောက်ရှိအောင် ခုန်ပျံကျော်လွှားမြှင့်တင်ပေးနိုင်ပါတယ်။ ကျွန်တော်တို့ ဆီမှာ PCO စနစ်ဆိုတာ အခုခါမှာမရှိပါဘူး။ အင်္ဂလန်မှာတော့ အခုချိန်ထိအများသုံးတဲ့ PCO စနစ် တွေရှိနေဆဲပါ။ ကျွန်တော်တို့ကတော့ Mobile Phone စနစ်ကို တစ်ခါတည်းတက်လှမ်းလာခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံဟာ နောက်ကျကျန်ရစ်ခဲ့တဲ့အတွက် နောက်ကျခြင်းရဲ့အကျိုးကျေးဇူးတစ်ခုအနေနဲ့ ဘာမှမရှိတဲ့ဖန်ခွက်ထဲကို ရေထည့်မလား၊ ဖျော်ရည်ထည့်မလား ကြိုက်ရာထည့်နိုင်တဲ့အခွင့်အရေး ရှိနေပါတယ်။ ပိုကောင်းအောင်လုပ်နိုင်ရင် ပိုမိုကောင်းမွန်တဲ့အကျိုးကို ကျွန်တော်တို့ခံစားရမှာ ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာ ကတ်စနစ်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေချိန်မှာ ကျွန်တော်တို့ နိုင်ငံက အသုံးမချနိုင်ခဲ့ပေမဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ အခု မိုဘိုင်းဆက်သွယ်ရေးနည်းပညာတွေကြောင့် ကတ်စနစ်ကို ကျွန်တော်တို့ သွားစရာမလိုတော့ဘဲ အဆင့်ကျော်ပြီး Mobile Payment စနစ်ကို တိုက်ရိုက်တက်လှမ်းနိုင်တာ ကျွန်တော်တို့နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိမိရရအသုံးပြုနိုင်ဖို့ လိုအပ်နေပါတယ်။ ဆိုလိုတာက ကျွန်တော်တို့နိုင်ငံသည် Mobile Payment အသုံးပြုမှုကဏ္ဍမှာ စင်ကာပူနိုင်ငံထက်ပင် သာလွန်သွားနိုင်ပါတယ်။ ဒီခြေလှမ်း တွေက ကမ္ဘာ့နိုင်ငံတွေကို အမီလိုက်နိုင်ဖို့ အင်အားတွေဖြစ်စေမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ အစိုးရတစ်ခုတည်းကသာ ပါဝင်ရတာမဟုတ်ဘဲ အစိုးရ၊ ပြည်သူ၊ ပြည်သူ့ ဝန်ထမ်းအားလုံးပါဝင်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သမားရိုးကျနည်းပညာများအစား Digital

နည်းပညာများကို အစားထိုးအသုံးပြုဖို့လိုပါတယ်။ အပြောင်းအလဲအတွက် အစိုးရကဦးဆောင်ခြင်းသည် လွန်စွာတန်ဖိုးရှိပါတယ်လို့လည်း ဖြည့်ဆည်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသားအားလုံးရဲ့လက်ထဲမှာ မိုဘိုင်းဖုန်းကိုင်ထားနိုင်၊ အသုံးပြုနိုင်ခြင်းရှိပါတယ်။ လူပုဂ္ဂိုလ်နဲ့ နည်းပညာတွေက အဆင်သင့်ဖြစ်နေကြပြီး နည်းလမ်းနဲ့လုပ်ငန်းစဉ်များပြောင်းလဲရန်သာ လိုပါတော့တယ်။ ဒါကြောင်မို့လို့ ကျွန်တော်တို့ရဲ့ ပထမခြေလှမ်းသည် Digital အသွင်ကူးပြောင်းမှုပဲ ဖြစ်ပါတယ်။ Digital အသွင်ကူးပြောင်းရေးမှာလည်း အဆင့်တစ်ဆင့်ချင်းစီအလိုက် ဦးစားပေးရည်ရွယ်ချက်များအတိုင်း သွားဖို့ လိုအပ်ပါတယ်။ နည်းဗျူဟာများချမှတ်ကာ ခရီးတွင်ဖို့ ဝိုင်းဝန်းပြီး ကြိုးပမ်းဖို့ လိုအပ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ဝန်ကြီးဌာနအသီးသီးမှာ e-Government စနစ်ဖော်ဆောင်ရန်အတွက် သတင်းအချက်အလက်ဆိုင်ရာအရာရှိချုပ်များ၊ CIO အသီးသီးခန့်အပ်ထားပြီးဖြစ်ပါတယ်။ သူတို့တွေဟာ နည်းပညာအထောက်အကူပြုသင်တန်းများလည်း တက်ရောက်ထားပြီးဖြစ်ပါတယ်။ ယခု မြန်မာနိုင်ငံသူနိုင်ငံသားအများစုကလည်း Smart Phone ကို အသုံးပြုပြီးမှ Internet သုံးစွဲခြင်းကို အတော်များများလုပ်ဆောင်နိုင်ကြပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပြည်ပမှလာရောက်ဖွင့်လှစ်တဲ့ ဒီပလိုမာကျောင်းတွေလည်း ရှိလာပြီး ICT ပညာရှင်များကို အထိုက်အလျောက်ငွေထုတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ICT လုပ်ငန်းလုပ်ဆောင်တဲ့ကုမ္ပဏီတွေကလည်း တစ်စထက်တစ်စတိုးပွားလာပြီဖြစ်ပါတယ်။ Mobile Payment စနစ်အတွက် အခြေခံရေကောင်း၊ မြေကောင်းများ အဆင်သင့် ရှိသင့်သလောက်ရှိနေပြီလို့လည်း ဆိုချင်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူကိုဗဟိုပြုလို့ ပြည်သူရဲ့အထောက်အပံ့ကိုရရှိစေပြီး ရလာမယ့်ရလဒ်သည် မှန်ကန်ကောင်းမွန်သော ရလဒ်မျိုး၊ အကျိုးကျေးဇူးမျိုးရှိလာမှာ ဖြစ်ပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

နောက်ဆုံးအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် တိုင်းပြည်လုပ်ငန်းဆောင်တာများလည်ပတ်နိုင်ရန် e-Government Mobile Payment စနစ်သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း နိုင်ငံကိုဦးဆောင်နေသောခေါင်းဆောင်များမှ ကျယ်ပြန့်သောအမြင်နှင့် ဆုံးဖြတ်ချက်ခိုင်မာမှုရှိလျှင် နည်းပညာကြောင့် ဖန်တီးရရှိလာမယ့်အခွင့်အရေးများကို အသုံးပြု၍ မြန်မာနိုင်ငံအား အာရှတွင်သာမက ကမ္ဘာကြီးမှာပါ မြန်မာဖြစ်အောင် စွမ်းဆောင်နိုင်ရန် မဝေးတော့ပါကြောင်း တင်ပြရင်းနှင့် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးစိုင်းဦးခမ်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသော မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ စီးပွားရေး လုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံး ငွေရေး၊ ကြေးရေးဝန်ဆောင်မှုလုပ်ငန်း Mobile Payment စနစ်ဖြင့် အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၇-၅-၂၀၁၈ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၈-၁-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၉၉

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ၇ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၈-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈ - ၀၂၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၆-၁၁-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၈-၁-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာ တွေ့ရှိရပါသည် -

(က) နိုင်ငံတော်ပြန်တမ်းပါပြည်ထောင်စုအစိုးရ၏ ဝန်ကြီးဌာနအမည်ကို ပြင်ဆင်ခြင်း၊

(ခ) ၂၆-၈-၂၀၁၅ ရက်၌ ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင် ရှေးဦးသူနာပြုစုခြင်းနှင့်ပတ်သက်၍ ပါဝင်ခြင်းမရှိသောကြောင့် ထပ်မံဖြည့်စွက်ခြင်း၊

(ဂ) ကြက်ခြေနီအသင်း၏ ဗဟိုကောင်စီတွင် အချိန်ပြည့်နှင့် အချိန်ပိုင်း ဗဟိုကောင်စီဝင်များ၏ တာဝန်ခွဲဝေမှုကို သိရှိနိုင်ရန်အတွက် ပြင်ဆင်ခြင်း၊

(ဃ) အထွေထွေအတွင်းရေးမှူးသည် ဝန်ထမ်းအကြီးအကဲအဖြစ် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သောကြောင့် အချိန်ပြည့်အလုပ်အမှုဆောင်သုံးဦးဟု ပြင်ဆင်ခြင်း၊

(င) စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်ပြည့်ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်လခစား ဝန်ထမ်းအကြီးအကဲတစ်ဦးအား ခန့်အပ်နိုင်ရန်အတွက် ကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ပိုင်ခွင့်ကို ထည့်သွင်းခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၃-၂၀၁၈ ရက် (သောကြာနေ့)တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၉၉

ရက်စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ မေ လ ၇ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၈-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈ - ၀၂၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၆-၁၁-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၈-၁-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံတော်ပြန်တမ်းပါပြည်ထောင်စုအစိုးရ၏ ဝန်ကြီးဌာနအမည်ကို ပြင်ဆင်ခြင်း၊

(ခ) ၂၆-၈-၂၀၁၅ ရက်၌ ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင် ရှေးဦးသူနာပြုစုခြင်းနှင့်ပတ်သက်၍ ပါဝင်ခြင်းမရှိသောကြောင့် ထပ်မံဖြည့်စွက်ခြင်း၊

(ဂ) ကြက်ခြေနီအသင်း၏ ဗဟိုကောင်စီတွင် အချိန်ပြည့်နှင့် အချိန်ပိုင်း ဗဟိုကောင်စီဝင်များ၏ တာဝန်ခွဲဝေမှုကို သိရှိနိုင်ရန်အတွက် ပြင်ဆင်ခြင်း၊

(ဃ) အထွေထွေအတွင်းရေးမှူးသည် ဝန်ထမ်းအကြီးအကဲအဖြစ် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သောကြောင့် အချိန်ပြည့်အလုပ်အမှုဆောင်သုံးဦးဟု ပြင်ဆင်ခြင်း၊

မူကြမ်း

(င) စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်ပြည့်ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်လခစား ဝန်ထမ်းအကြီးအကဲတစ်ဦးအား ခန့်အပ်နိုင်ရန်အတွက် ကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ပိုင်ခွင့်ကို ထည့်သွင်းခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၉-၃-၂၀၁၈ ရက် သောကြာနေ့တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၅) ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက်(၄)ချက်ကို သဘောတူ လက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အပိုဒ် ၃ ရှိ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဋ) လက်နက်ကိုင် ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများကို လူသားချင်း စာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်၊

( င) အပိုဒ် ၅ အဖြစ် အောက်ပါအတိုင်းအသစ် ဖြည့်စွက်ပါသည် -

၅။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေတွင်ပါရှိသော အသင်းအဆင့်ဆင့် ဆိုသည့် စကားရပ်ကို အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

( စ) အပိုဒ် ၅ ကို အပိုဒ် ၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဃ)ကို အောက် ပါအတိုင်း အစားထိုးရမည် -

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီများကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်များအတွက် အသင်းခွဲ အမှုဆောင်အဖွဲ့များကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံနှင့် အလုပ်ဌာနများအတွက် အသင်းခွဲငယ်များကိုလည်းကောင်း ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ပြုနိုင်သည်။

(ဆ) အပိုဒ် ၆ ကို အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၇။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ထ)၏ နောက်တွင် ပုဒ်မခွဲ (ဒ) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဒ) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အသင်း၏ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။

( ဇ) အပိုဒ် ၇ ကို အပိုဒ် ၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်အသင်းခွဲများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်များအတွက် တာဝန်ခံ တင်မြှောက်ခြင်းကိုလည်းကောင်း အတည်ပြုနိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများ သည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၈-၅-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နှင့်အညီ ၂၁-၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေတင်ပြသော နေ့ရက်မှာ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုတင်သွင်းရမှာ ဖြစ်ပါတယ်။ အခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ရွှေကူ မဲဆန္ဒနယ်မှ ဦးဇာနည်မင်းတို့က အဆိုပြုပြင်ဆင်ချက်များတင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက် များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပြုပြင်ဆင်ချက်များ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူများသည် ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၈-၅-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်

(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ (၁၆.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Thant Zin Maung U Kyaw Soe



U Thant Zin Maung U Pike Ko



U Thant Zin Maung U Win Win



U Thant Zin Maung U Kyaw Tint



U Thant Zin Maung U Tin Nu



U Thant Zin Maung U Tun Wai

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်